ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့ (24-2-2011) (၆၆၈၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ရန်ကုန်-စီရမ်ရိ(အန်ကောဝပ်)ခရီးစဉ်သစ် စတင်ပျံသန်းခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)၏ ရန်ကုန်-စီရမ်ရိ(အန်ကောဝပ်)ခရီးစဉ်သစ် စတင်ပျံသန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူတို့က အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)၏ ရန်ကုန်-စီရမ်ရိ(အန်ကောဝပ်)ခရီးစဉ်သစ် စတင်ပျံသန်းခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံ့ဂုဏ်ဆောင် မြန်မာမြားပစ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်လေးခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ပထမနေရာ ရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရမြန်မာမြားပစ်အဖွဲ့သည် ယမန်နေ့ည ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ) ဦးဆောင်သည့် အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ အားကစားသမားများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာမြားပစ်အားကစားသမားများ လက်စွမ်းပြခဲ့ပြီး ကမ္ဘာ့မြားပစ်ထိပ်သီးနိုင်ငံများကို ဖြတ်ကျော်၍ ဆုတံဆိပ် ၁၀ ခု ဆွတ်ခူးကာ နိုင်ငံအလိုက် ပထမနေရာရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်သစ်အသင်းက ရွှေ သုံးခု၊ ငွေ လေးခုဖြင့် ဒုတိယ၊ တရုတ်အသင်းက ရွှေ သုံးခု၊ ငွေ နှစ်ခု၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

အောင်ပွဲရ မြားပစ်အဖွဲ့

နိုင်ငံအတွက် အောင်မြင်မှုတံဆိပ်များ ရယူပြီး အာရှစံချိန်သစ်တင်ခဲ့သော ရဲမင်းဆွေနှင့် အောင်ငိုမ်းတို့အား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့်အတူ တွေ့ရစဉ်။ (အား/ကာ)

၂၄-၂-၂၀၁၁
(ကြာသပတေးနေ့)

ရေတိမ်ဒေသ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း

သက်ရှိအားလုံး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရန် လိုအပ်သည်။ အပင်များ၊ သားငှက်တိရစ္ဆာန်မျိုးစုံနှင့် သစ်တောအမျိုးမျိုးတို့သည် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သည်။ အာရှတိုက်ရှိ ဇီဝမျိုးစုံမျိုးကွဲ အကြွယ်ဝဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံ ပါဝင်သည်။

မြန်မာနိုင်ငံတွင် ရေတိမ်ဒေသအများအပြားရှိပြီး အဆိုပါ ရေတိမ်ဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲများစွာတွေ့ရှိရသည်။ ရေတိမ်ဒေသများဆိုင်ရာ ရမ်ဆာသဘောတူညီချက်အရ ရေတိမ်ဒေသများသည် ရွှံ့တော၊ စိမ့်မြေ၊ မြေဆွေးစိုင် ယာယီ သို့မဟုတ် အမြဲရှိသောရေသေသို့မဟုတ် စီးဆင်းနေသည့်ရေ၊ လတ်ဆတ်သည့်ရေချို၊ ရေငန်စပ်နှင့် ဒီရေအနိမ့်ဆုံးအချိန်တွင် ခြောက်မီတာထက်မကျော်သည့် ရေပြင်များ ပါဝင်သည်။

မိုးယွန်းကြီးအင်း၊ အင်းတော်ကြီးအိုင်၊ မြစ်ဆုံနှင့် မေခမလိခမြစ်ဖျား၊ အင်းလေးကန်၊ ဧရာဝတီမြစ်ဝှမ်းဒေသများနှင့် ပင်လယ်ကမ်းခြေဒေသများစွာတို့သည် ထင်ရှားသောရေတိမ်ဒေသများဖြစ်သည်။ ဧရာဝတီမြစ်ဝှမ်းဒေသသည် အရေးအပါဆုံး ရေတိမ်ဒေသတစ်ခုဖြစ်ရာ အဆိုပါဒေသရှိ သစ်တောများနှင့် သဘာဝပတ်ဝန်းကျင်ကို အလေးထားထိန်းသိမ်းကြရန် လိုအပ်သည်။

မုတ္တမပင်လယ်ကွေ့သည် ခေါင်းလောင်းပုံသဏ္ဍာန်ရှိပြီး ဒီရေအတက်အကျ မြန်ဆန်၍ သဲသောင်အသစ်များ ဖြစ်ပေါ်ပြောင်းလဲနေမှုကြောင့် ရေပျော်ငှက်များ ကြိုက်နှစ်သက်ရာဒေသတစ်ခုဖြစ်သည်။ ရေညှောင့်နှုတ်ဝိုင်းငှက် (ဒီလုံး) အပါအဝင် ရေပျော်ငှက်များ၊ ရေသတ္တဝါများစသည့် ဇီဝမျိုးစုံမျိုးကွဲများစွာရှိသည်။ ဥာနေငှက်နှင့် ရာသီအလိုက်ပြောင်းရွှေ့နေထိုင်သည့်ငှက်များ သိန်းနှင့် ချီ၍ကျက်စားရာ ရေတိမ်ဒေသဖြစ်သည်။

ရေညှောင့်နှုတ်ဝိုင်းငှက်သည် မိုးကာလတွင် ရုရှားနိုင်ငံအရှေ့မြောက်ဘက် ချူကိုတာတွင် သားပေါက်ပြီး ဆောင်းကာလတွင် မြန်မာနိုင်ငံ ကမ်းရိုးတန်းများသို့ လာရောက်ဆောင်းခိုကြသည်။ မုတ္တမပင်လယ်ကွေ့သည် ကမ္ဘာပေါ်တွင် အဆိုပါငှက်များ အဓိကဆောင်းခိုသောနေရာဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ကောင်ရေငါးရာခန့်သာရှိတော့သဖြင့် မျိုးသုဉ်းရန် အစိုးရိမ်ရဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ရာ ဒေသခံများ ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်သည်။

ကမ္ဘာပေါ်တွင် မျိုးသုဉ်းလုနီးပါးဖြစ်နေသော ငှက်မျိုးစိတ်ပေါင်း ၁၁၃ မျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် ၅၁ မျိုးတွေ့ရသည်။ ငှက်များ ပြောင်းရွှေ့နေထိုင်ကျက်စားမှုနှင့် ဆောင်းခိုမှုအခြေအနေများကို လေ့လာခြင်းဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အခြေအနေကို ကြိုတင်သိရှိနိုင်သည်။ ငှက်များမှတစ်ဆင့် ဝတ်မှုန်ကူးခြင်းဖြင့် စိုက်ပျိုးသီးနှံအပါအဝင် သဘာဝပေါက်ပင်များ၏ထက်ဝက်ခန့် အပင်မျိုးပွားနိုင်သည်။ ဆောင်းခိုငှက်များ ကျက်စားရာ မုတ္တမဝန်းကျင်ဒေသများအပါအဝင် ရေတိမ်ဒေသများ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝမှု ရေရှည်တည်တံ့နေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြောက်ဦး၊ မင်းပြားနှင့် မြေပုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် မြောက်ဦး-မင်းပြားကားလမ်းတစ်လျှောက် လမ်း/တံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းပြားမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံကာ အားကစားပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် နယ်မြေခံ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မြေပုံမြို့နယ်အတွင်း ကမ်းနား လမ်း၊ ဈေးဆိုင်ခန်း အဆောက်အအုံ အသစ် တည်ဆောက်နေမှုနှင့် ကတ္တရာ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို လည်းကောင်း၊ လမ်း လယ်ကျွန်းမီးတိုင်များ တပ်ဆင်ထားမှုနှင့် ကူးတို့ဇက်ရေယာဉ် တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကြာအင်းတောင်ကျေးရွာ မြေပုံ-ကသာ-ကြာအင်းတောင်လမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း ယာယီရှင်းလင်း ဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြေပုံ-အမ်းကားလမ်း တစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ကျွမ်းကျင်မှုအခြေခံသင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၄/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း (လှိုင်သာယာ)သင်တန်းခန်းမ၌ ကျင်းပရာ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ်(ခ) ဦးညိုဝင်းက သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းထူးချွန် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသော သင်တန်းသား၊ သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့အား ဂျပန်နိုင်ငံ တိုကျိုမြို့ Sojitz Corporation မှ Senior Vice- President, Mr. Takeda ဦးဆောင်သော အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

GIS သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပထဝီဝင်သတင်းအချက်အလက်စနစ် (Geographic Information Systems - GIS) သင်တန်းကို မတ် ၅၊ ၆၊ ၁၂၊ ၁၃၊ ၁၉နှင့် ၂၀ ရက် (စနေ၊ တနင်္ဂနွေ) နေ့များတွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e- Learning Center အဆောင်(၁) အခန်း (၄)၌ ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သောမြေပုံများ၊ အဆိုပါမြေပုံများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို စုစည်းထားခြင်း၊ ထိန်းသိမ်းထားခြင်း၊ လိုအပ်သောအခါ ပြန်လည်ပြင်ဆင်ခြင်း၊ ရှာဖွေကြည့်ရှုခြင်း၊ မြေပုံများထုတ်ယူခြင်း၊ မြေပုံနှင့် သတင်းအချက်အလက်များ အသုံးပြု၍ ရှင်းလင်းတင်ပြခြင်း၊ ပြန်လည်အသုံးချခြင်း စသောလုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်ရန် စနစ်တကျစီစဉ်ထားရှိသော ကွန်ပျူတာသုံး သတင်းအချက်အလက် မြေပုံစနစ်များကို အသုံးချရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ပထဝီဝင်သတင်းအချက်အလက်စနစ် နည်းပညာနယ်ပယ်တွင် အများဆုံးအသုံးပြုကြသော ArcGIS ဆော့ဖ်ဝဲကို မြေအသုံးချစီမံကိန်းချမှတ်ရေးနှင့် စီမံခန့်ခွဲရေး၊ သဘာဝသယံဇာတများအသုံးချရေးနှင့် ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး၊ ရှေးဟောင်းသုတေသန၊ ဘူမိဗေဒ၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ ရေနံသဘာဝဓာတ်ငွေ့နှင့် သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေး၊ ဆောက်လုပ်ရေး၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည် ထူထောင်ရေး စသည်တို့အတွက် အသုံးပြုသည်။

သင်တန်းတက်ရောက်ခြင်းဖြင့် (Geographic Information Systems- GIS) နည်းပညာအခြေခံများ သိရှိနားလည်ပြီး သတင်းအချက်အလက် ပြည့်စုံသော ကွန်ပျူတာအသုံးပြုမြေပုံ Digital Map များကို ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။ စက္ကူမြေပုံ (Paper Map) များမှတစ်ဆင့် ကွန်ပျူတာအသုံးပြုမြေပုံ (Digital Map) များအဖြစ်သို့လည်း ပြောင်းလဲနိုင်သည်။ မြေပုံပေါ်ရှိ မြေမျက်နှာသွင်ပြင်များ၏ Database များကိုလည်း တည်ဆောက်သိမ်းဆည်း ချိတ်ဆက်ပေးထားနိုင်မည်ဖြစ်သည်။ အင်ဂျင်နီယာလုပ်ငန်းများ၊ ပြည်တွင်းပြည်ပ ကုမ္ပဏီကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရဝန်ကြီးဌာနအသီးသီး၊ အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO)များတွင် အများဆုံးအသုံးပြုကြသောGISအသုံးချဆော့ဖ်ဝဲ ArcGIS ကို အချိန်တိုအတွင်း သင်ယူလေ့လာခွင့်ရမည်ဖြစ်သည်။

အစိုးရဌာနများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်းလျှော့၍ လက်ခံသွားမည်ဖြစ်သည်။

ဝန်ကြီးဌာနများ၊ တက္ကသိုလ်ကောလိပ်များ၊ သင်တန်းကျောင်းများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများတွင် GIS သင်တန်းများကို သီးသန့်လာရောက် သင်ကြားပေးစေလိုပါကလည်း ဆက်သွယ်နိုင်ကြသည်။

အသေးစိတ်သိရှိလိုပါက Myanmar Credent Technology အဆောင်(၁) အခန်း (၇) မြန်မာအင်ဖိုတက်ခ် ဖုန်း- ၆၅၂၂၈၅ နှင့် ၆၅၂၂၈၆ မသီတာထွန်းအောင်ထံသို့ အသေးစိတ်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း၊ သင်တန်းသားဦးရေ ၂၀သာ လက်ခံသင်ကြားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက် လိုသူများသည် မတ် ၄ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကွန်ပျူတာတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁)ယာဉ်ထိန်း နယ်မြေမှူး ဒုတိယရဲမှူးမြင့်ကြည်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ရွှေပြည်သာမြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၂၅ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် ဂျပန်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်နှင့် ဖိတ်ကြားထားသောဧည့်သည်များအား ဂျပန်နိုင်ငံ တိုကျိုမြို့ Sojitz Corporation မှ Senior Vice- President, Mr. Takeda ဦးဆောင်၍ အဖွဲ့ဝင် လေးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ရင်းနှီးစွာဆွေးနွေး

တွေ့ဆုံပွဲတွင် ဂျပန်-မြန်မာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်မြေသြဇာလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိစ္စ၊ ကုန်သွယ်မှုနှင့်စီးပွားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းဆိုင်ရာကိစ္စ၊ အထူးစီးပွားရေးဇုန် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ဈေးကွက်သစ် များနှင့် စီးပွားရေးအခွင့်အလမ်းသစ်များ ရှာဖွေလေ့လာခြင်းဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးမလောင်ခင် သတိယှဉ်
ကြိုတင်ကာကွယ်ပါ

❍ အပြည်ပြည်ဆိုင်ရာမှ

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)နာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်-စီရမ်ရိ(အန်ကောဝပ်) ခရီးစဉ်သစ်တွင် လိုက်ပါသွားကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်သည်။

အဆိုပါ ရန်ကုန်-စီရမ်ရိ(အန်ကောဝပ်) ခရီးစဉ်သစ်သည် ၂၀၁၀ ခုနှစ်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်း အပြန်အလှန်မြှင့်တင်ရေးအပေါ် အခြေခံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ သဘောတူ လက်မှတ်ရေးထိုးခဲ့မှုအရ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI)သည် ခရီးသည် ၁၆၀ လိုက်ပါစီးနင်းနိုင်သည့် Air Bus A- 320 အမျိုးအစား လေယာဉ်သုံးစင်းနှင့် ခရီးသည် ၂၂၀ လိုက်ပါစီးနင်းနိုင်သည့် Air Bus A- 321 အမျိုးအစား လေယာဉ်တစ်စင်းတို့ဖြင့် ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူနှင့် ဂယာမြို့များသို့ တိုက်ရိုက်အသွား/အပြန် ခရီးစဉ်များကို လည်းကောင်း၊ Air Bus A- 321 အမျိုးအစား လေယာဉ်တစ်စင်းကို ဗန်ကောက်၌ ညအိပ်ရပ်နားကာ ဗန်ကောက်-ရန်ကုန်အပြင် နိုင်ငံတကာခရီးစဉ်အပိုင်းဖြစ်သော ဗန်ကောက်-စင်ကာပူနေ့စဉ် အသွား/အပြန် ခရီးစဉ်ကို လည်းကောင်း အောင်မြင်စွာ ပြေးဆွဲလျက်ရှိပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအဖွဲ့များ၏ စင်းလုံးငှားခရီးစဉ်များကိုလည်း အခါအားလျော်စွာ ပြေးဆွဲလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)အနေဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့၊ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၊ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၊ အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် ဘာလီကျွန်းအစရှိသော ဒေသများသို့လည်း ဆက်လက်ပျံသန်းပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မှ လေယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (အား/ကာ)

✳ ရှေ့ဖုံးမှ

ကြေးတစ်ခုဖြင့် တတိယ၊ ရုရှားအသင်းက ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးလေးခုဖြင့် စတုတ္ထ၊ ဗီယက်နမ်အသင်းက ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးတစ်ခုဖြင့် ပဉ္စမတို့ ရရှိကြသည်။

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ငါးခုကို အမျိုးသား Compound အသင်းက အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ ရှုံး/ထွက်ပြိုင်ပွဲမှ တစ်ခု၊ အမျိုးသမီး Compound အသင်းကအမှတ်ပေးပြိုင်ပွဲ တစ်ခု၊ ရှုံး/ထွက်ပြိုင်ပွဲမှ တစ်ခု၊ Compound အမျိုးသမီးတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ အောင်ငြိမ်းက တစ်ခု၊ ငွေတံဆိပ်တစ်ခုကို Compound အမျိုးသမီးတစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲမှ အောင်ငြိမ်းက ရယူပေးခဲ့သည်။ ကြေးတံဆိပ်လေးခုကို ရဲမင်းဆွေက Compound အမျိုးသားတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ ရှုံး/ထွက်ပြိုင်ပွဲမှ တစ်ခု၊ သင်းသင်းခိုင်က Recurve အမျိုးသမီးတစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲမှ တစ်ခုနှင့် ရဲမင်းဆွေနှင့် အောင်ငြိမ်းအတွဲ Compound Mix- Team ပြိုင်ပွဲမှ တစ်ခုတို့ ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ရဲမင်းဆွေနှင့် အောင်ငြိမ်းအတွဲမှာ Compound Mix- Team ပြိုင်ပွဲ တတိယနေရာလုပွဲတွင် ပစ်ခတ်ခဲ့သော ရမှတ်(၁၅၇)မှတ်မှာ ၂၀၁၀ ပြိုင်ပွဲ၌ ၎င်းတို့ တင်ထားသော အာရှစံချိန် (၁၅၃)မှတ်ကို ချိုးကာ စံချိန်သစ် တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်ရာနှင့် အဆောက်အအုံပြပွဲ - ၂၀၁၁ တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

IEMS Company Limited သည် HOUSING & BUILDING 2011 (အိမ်ရာနှင့် အဆောက်အအုံပြပွဲ-၂၀၁၁)ကို မတ် ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။

ပြပွဲတွင် Shine Group of Companies မှ အရစ်ကျငွေပေးချေမှု/အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ခြင်းစနစ်များဖြင့် အိမ်ရာအရောင်းပြခန်းများ၊ Kayung Myat Zaw Co., Ltd. မှ ဗီယက်နမ်နိုင်ငံထုတ် viglacera အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် အိမ်အမိုးပြားအမျိုးမျိုး၊ SuSuCo Title များ၊ COTTO Sanitary ware များ၊ Home Plus နှင့် Tiger Supply မှ အိမ်အတွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ United Asia Co., Ltd. မှ Aux တံဆိပ် Aircon များ၊ ChrisHo Company မှ Gree Aircon များ၊ Myat Kan Moe / ELBA / Fudak / JBS Electronic / Toshiba Kyaw Win နှင့် Treasure Place Company မှ Pensonic အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းများ၊ KMD မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Timber land / Lin Win Gold Coil/Osim / စိန်နှင့်မြ /Ocean Glory/ရွှေပင်ငွေပင်တို့မှ ခေတ်မီအိမ်သုံး၊ ရုံးသုံး ဆန်းသစ်သော ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove အမျိုးမျိုး၊ Allways မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ Ever Live မှ Nahm တံဆိပ်ရေချိုးခန်းသုံး ပစ္စည်းအမျိုးမျိုး၊ MNZ မှ နောက်ဆုံးပေါ် ငွေရေစက်များ၊ Caribbian တံဆိပ်ရေသန့်စက်များ၊ Sin Pauk Trading Co., Ltd./ Unitake / Home Distribution Group/ Parami Trading Co., Ltd./ Maruart တို့မှ Vinyl ကြမ်းခင်းအမျိုးမျိုးနှင့် တံခါးအမျိုးမျိုး၊ K-Company မှ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ Yadanar Moe မှ Air Freshener အမျိုးမျိုး၊ The One PE Tank မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီအမျိုးမျိုး၊ United Lighting မှ အိမ်တွင်းအလှဆင်မီးဆိုင်းအမျိုးမျိုး၊ Classic Cable မှ ဝါယာကြိုးအမျိုးမျိုး၊ Tractor King မှ Generator နှင့် Machinery များ၊ ငွေကြယ်စင်မှ မော်တော်ယာဉ်အသစ်အဆန်းအမျိုးမျိုး အပြင် LiLi, Cherry, Ocean , Hi Style နှင့် အခြားသောကုမ္ပဏီများမှ လူသုံးကုန်ပစ္စည်းအမျိုးမျိုး ခင်းကျင်းပြသမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၈၆၂၆၀၈၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ပဌာန်းဝိပဿနာ" တရားတော် (ဆရာတော်ဘဒ္ဒန္တဝိလာသ)
၆း၄၀ ဖူးမြော်ပူဇော်မြသလွန်စေတီတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၂၄)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၄၁)**
၈း၃၅ "မြတ်ဒါနနှင့်ပညာကုသိုလ်"
၈း၅၀ မွန်မြတ်ကုသိုလ်မျှဝေလို ရွက်ဆောင်ကြီးပမ်း ပရဟိတလုပ်ငန်း
၉း၀၀ မုံရွာမြို့မဟာလယ်တီဓမ္မသက သီလရှင်စာသင်တိုက်နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်ပွဲ
၉း၂၅ Science For All (ကမ္ဘာမြေကိုကယ်တင်စို့)(အပိုင်း-၃) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၉း၄၅ ရန်ကုန်မြင်ကွင်းကျယ် [D&D Group Co.,Ltd. ၏ (၅)နှစ်မြောက်ကုမ္ပဏီနှစ်ပတ်လည်ညစာစားပွဲ]
၁၀း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "၃+၄=အချစ်"
၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၅ The Champion of Dance
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့. . . (ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှု မြှင့်တင်ဆောင်ရွက်ရေးစီမံချက်)
၁၂း၂၀ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
၁၂း၄၅ သိရိမင်္ဂလာကြခတ်ဝိုင်းဆရာတော်သာဓုကီဋ္ဌနအဋ္ဌိမစျာပန ပူဇာသဘင်နှင့်သရီရဓာတုပဝါ ဟနပူဇာသဘင်
၁း၀၀ "ပဌာန်းဝိပဿနာ"တရားတော် (ဆရာတော်ဘဒ္ဒန္တဝိလာသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရန်ကုန်မြင်ကွင်းကျယ် (ပြေတီဦးပညာရေးဖောင်ဒေးရှင်းသို့ GARNIER မှလှူဒါန်းငွေပေးအပ်ပွဲအခမ်းအနား)
၂း၄၀ ခံစားချက်တို့ပေါင်းစုံရာ. . . ငပလီကမ်းခြေသာ
၃း၀၀ ရန်ကုန်မြင်ကွင်းကျယ် (Gemron GOLD ဆေးပစ္စည်းသစ်မိတ်ဆက်ပွဲနှင့် အသည်းရောဂါအကြောင်းဟောပြောပွဲ)
၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၂၄)**
၄း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၁)**
၅း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (ဟက်ကတ်)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Hand Some အမျိုးသားအဆင့်မြင့် Hair Dressing Saloon)
၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၂၅)**
၇း၁၅ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ ပကတိအတိုင်း
၈း၅၀ စကားနပန်း (ပူတာကောင်းတယ်၊ အေးတာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၂)**
၁၀း၀၅ အားကစားမြင်ကွင်းစုံ (Man U အကြောင်း ပြောကြားသူများ) (ပိုင်ဇေရဲထွန်း၊ ဖိုးချစ်၊ ဝေမင်းမောင်)
၁၀း၃၀ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၁၀း၅၀ အနုပညာမိုးကောင်းကင်
၁၁း၀၅ ဂီတသရုပ်ပြခန်း (အိန်အိန်း-မတူညီတဲ့ရောစပ်ခြင်း)
၁၁း၃၀ လွယ်ကူမြန်ဆန်စေရာ. . . စံမြန်မာ
၁၁း၄၅ သင်ယူလေ့လာဂီတပညာ (Cycle of Fifths) (Part-11)
၁၂း၀၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ကလေးတို့အကြိုက်ဂျယ်လီပြုလုပ်နည်း)
၁၂း၀၅ ဆေးပညာရှင်များနှင့်ပြည့်စုံသော ချိန်းဆိုတွေ့ဆုံမှု (ပါမောက္ခဒေါက်တာမြင့်မောင်မောင်)
၁၂း၃၅ ဒို့တိုင်းဌာနီရောဝတီ (ရော်ဘာ၊ ပုလော၊ သဘော်၊ ၄က်ပျောစိုက်ပျိုးရေးလုပ်ငန်းများ)
၁း၀၀ ကံကောင်းခြင်းတွေဝေဆာမည့် မန္တလာမြေမှ Lucky Home
၁း၂၅ စိုက်ပျိုးအောင်မြင်. . . စပ်ခရမ်းချဉ်
၁း၃၅ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
၂း၀၀ နှလုံးသားရဲ့ခံစားမှုတိုင်းကို မှတ်တမ်းတင်မယ့် 7 Picture
၂း၂၅ Celebrity Profilc (Jet Li)
၂း၅၀ မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်းအရောင်းပြခန်း)
၃း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၁၀ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး "GPS"
၄း၃၀ မဖွိုမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ
၄း၄၅ သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် "ပြည်ရွှေဆံတော်"
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ရှမ်းစုရပ်ကွက် လယ်တီ(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်၊ အမှုဆောင်အရာရှိသူရဦးမြင့်သူ၊ ရပ်မိရပ်ဖ ဦးအောင်မင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

၁။ အဝမလွန်ပါစေနှင့်။
၂။ အဆီနှင့် ဆီများ လျှော့စားပါ။ (တိရစ္ဆာန်နှင့်အသီးအနှံမှရသော ဆီများအားလုံး အကျုံးဝင်သည်)
၃။ အမျှင်များသော အသီးအနှံ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများစားရန်။
၄။ ဗီတာမင်အေနှင့် စီဓာတ်ပါသော အရွက်များစားရန်။
၅။ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများစားရန်။
၆။ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီ၊ ကညွတ်များစားရန်။
၇။ ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာ စားသောက်ခြင်းမှ ရှောင်ရန်။
၈။ ဆားဖြင့် စီမံထားသောအစာများ၊ ကျပ်တင်ထားသောအစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသောအစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားခြင်းမှ ရှောင်ရန်။ (ဥပမာ ငါးခြောက်၊ ဝက်အူချောင်း နှင့်သနပ်များ)
၉။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်။
၁၀။ နှစ်ပတ်ထက်ကျော်ပြီး သာမန်မဟုတ်သော လက္ခဏာများဖြစ်ပေါ်လျှင် တတ်ကျွမ်းသူနှင့် ပြသရန်။

ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

နှစ်ဖက်မိဘများ အမှူးထား၍ အသောကလမ်း ဘုရင့်နောင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဦးငြိမ်း-ဒေါ်အုန်းကြင် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး၏ အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

နယူးဇီလန် မြေငလျင် သေဆုံးသူနှင့် ပျောက်ဆုံးသူ ၄၀၀ ရှိ

ခရစ်ချပ်ချ် ဖေဖော်ဝါရီ ၂၃

နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့၌ ဖေဖော်ဝါရီ ၂၂ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် သေဆုံးသူနှင့် ပျောက်ဆုံးသူဦးရေ ၄၀၀ ခန့်ရှိခဲ့ရာ အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရေးသမားများက စိုးရိမ်တကြီးဖြင့်ရှာဖွေမှုများ လုပ်ဆောင်လျက်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေကယ်ထုတ်နိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များသည် ခရစ်ချပ်ချ်မြို့လယ်ကို အသွားအလာပိတ်ဆို့ထားခဲ့သည်။

အဆောက်အအုံအပျက်အစီးများအောက်မှ ရုပ်အလောင်း ၇၅ လောင်းကိုတွေ့ရှိခဲ့ပြီး အသက်ရှင်လျက်ကျန်ရှိသူ ၃၀ ခန့်ကို ကယ်တင်နိုင်ပြီးနောက် နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကေးက ငလျင်လှုပ်ခတ်ခဲ့ရာဒေသကို အရေးပေါ်အခြေအနေကြေညာချက်ထုတ်ပြန်ခဲ့သည်။

နယူးဇီလန်နိုင်ငံအနေဖြင့် နှစ်ပေါင်း ၈၀ အတွင်း ကြုံတွေ့ခဲ့ရသမျှ အဆိုးရွားဆုံး သဘာဝဘေးဥပဒ်ဖြစ်သော ဖေဖော်ဝါရီ ၂၂ ရက် ငလျင်ကြောင့် လူ ၃၀၀ မျှ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ငလျင်ဒဏ်ကြောင့် အဆောက်အအုံ အများအပြားပြိုကျကာ ခရစ်ချပ်ချ်မြို့လယ်၌ အပျက်အစီးများ မြင်မကောင်းအောင်ဖြစ်ပေါ်ခဲ့ရသည်။ မြို့တော်၏အမှတ်သညာ အဆောက်အအုံဖြစ်သော ခရစ်ယာန်ဘုရားကျောင်းကြီး၏ မျှော်စင်လည်း ပြိုကျခဲ့ရသည်။

အဓိကမြေငလျင်ကြီးလှုပ်ခတ်ပြီးနောက် အင်အားအသင့်အတင့်ရှိ ငလျင်များစွာ လှုပ်ခတ်ခဲ့ပြီး ခရစ်ချပ်ချ်မြို့တော်တစ်ခွင်၌ ရေနှင့်လျှပ်စစ်မီးများပြတ်တောက်ခဲ့ရသည်။

အေအက်ဖ်ပီ။

ခရစ်ချပ်ချ်မြို့လယ်တွင် မြေငလျင်ကြောင့် ပြိုကျပျက်စီးသွားသော အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

အာဆီယံဈေးကွက်သည် ဆွစ်အတွက် ပိုမိုအရေးပါလာနေပြီဟုဆို

ဂျကာတာ ဖေဖော်ဝါရီ ၂၃

မကြာသေးမီနှစ်များအတွင်းကစ၍ လျင်မြန်စွာကြီးထွားလာနေသော အာဆီယံဈေးကွက်သည် ဆွစ်အဖို့ ပိုမိုအရေးပါသည့် ဈေးကွက်ဖြစ်လာနေကြောင်း ဖေဖော်ဝါရီ ၂၂ရက်တွင် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဆွစ်သံအမတ်ကြီးတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတွင် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပွားပြီးနောက် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဩဇာတိက္ကမသည် အာရှဒေသဆီသို့ လွှဲပြောင်းရောက်ရှိသွားကြောင်း၊ အာရှနှင့် အာဆီယံဈေးကွက်သည် ကြီးထွားလာနေကြောင်း၊ မိမိတို့အဖို့ ဥရောပကို ဦးစားပေးနေသေးသည့်တိုင် အာဆီယံဈေးကွက်သည် ပို၍အရေးပါလာနေပြီဖြစ်ကြောင်း၊ မိမိတို့၏ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးသည် မကြာသေးမီနှစ်များအတွင်း ပိုမိုကြီးမားလာသည်ဟုရှုမြင်ကြောင်းဖြင့် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ဆွစ်သံအမတ်ကြီး ဟိန်းဇ်ဝေါလ်ကာနီဒါကွန်းက ပြောကြားသည်။

ဥရောပသမဂ္ဂနှင့် အာဆီယံတို့သည် ကျယ်ပြန့်ပြည့်စုံသည့် စီးပွားရေးပူးပေါင်းလုပ်ကိုင်မှု သဘောတူညီချက်တစ်ရပ်အတွက် လတ်တလောဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

အလုံးစုံသော စီးပွားရေးဆိုင်ရာ သွင်ပြင်လက္ခဏာများပေါင်းစည်းပါဝင်မည့် အဆိုပါ သဘောတူညီချက်သည် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်ထက် ပိုမိုသာလွန်မည်ဖြစ်ကြောင်းဖြင့်လည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်သေဆုံး

ကဘူး ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရာ ယခုနှစ်အတွင်း သေဆုံးသော နိုင်ငံခြားတပ်ဖွဲ့ဝင် အရေအတွက်မှာ ၅၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါ တပ်ဖွဲ့ဝင်သည် အင်္ဂါနေ့က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့ကြောင်း ပရက်စ်တီဗွီသတင်းထောက်က ပြောကြားသည်။ သို့သော် ၎င်းသည် မည်သည့်နိုင်ငံသားဖြစ်သည်ကိုမူ ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များဝင်ရောက်ခဲ့သည့်ကာလ ဆယ်စုနှစ်တစ်စုနီးပါး အကြာတွင် ယမန်နှစ်က နိုင်ငံခြားတပ်ဖွဲ့ဝင် ၇၀၀ ကျော်သေဆုံး၍ ၂၀၀၉ ခုနှစ်က ၅၀၀ ကျော် သေဆုံးခဲ့သည်ကို တွေ့ရသည်။

၂၀၀၁ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန် ကျူးကျော်ဝင်ရောက်ပြီးနောက် တရားဝင်ကိန်းဂဏန်းများအရ နေတိုးတပ်ဖွဲ့ဝင် အနည်းဆုံး ၂၃၃၀ သေဆုံးခဲ့ပြီးဖြစ်သည်။

အင်တာနက်။

အာဖဂန်လုံခြုံရေးအခြေအနေ အနိမ့်ဆုံးအထိ ကျဆင်းလာကြောင်း ကုလသံတမန်ပြောကြား

ဂျီနီဗာ ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ၏ ယနေ့လုံခြုံရေးအခြေအနေသည် ၁၀နှစ်တာကာလအတွင်း အဆိုးရွားဆုံးအထိကျဆင်းနေပြီး ယင်းနိုင်ငံအကျယ်အဝန်း၏ ငါးပုံနှစ်ပုံ၌သာ ကုလသမဂ္ဂအနေဖြင့် တာဝန်ထမ်းဆောင်နိုင်စွမ်းရှိကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂ ထိပ်တန်းသံတမန်ဟောင်းတစ်ဦးက ဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံကို အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၁ခုနှစ်နောက်ပိုင်း ယင်းနိုင်ငံ၏လုံခြုံရေးအခြေအနေသည် အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်ဟောင်း ကနေဒါနိုင်ငံသား ရောဘတ်ဝပ်ကင်းစ်ကပြောကြားသည်။

၄၀ ရာခိုင်နှုန်း

အာဖဂန်နစ္စတန်အရှေ့ပိုင်းဒေသများနှင့် ကန်ဒါဟာပြည်နယ်အပါအဝင် နိုင်ငံအကျယ်အဝန်း၏ ၄၀ရာခိုင်နှုန်း၌သာ ကုလသမဂ္ဂအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း ရောဘတ်ဝပ်ကင်းစ်ကဆိုသည်။

ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ကုလသမဂ္ဂ၏ စေ့စပ်ညှိနှိုင်းမှုများသည် လွန်ခဲ့သော ၁၀နှစ်တာကာလကထက်စာလျှင် အခက်အခဲများ ပိုမိုရင်ဆိုင်နေရကြောင်း ဝပ်ကင်းစ်ကပြောကြားသည်။

ကနေဒါနိုင်ငံသား ရောဘတ်ဝပ်ကင်းစ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏ အာဖဂန်နစ္စတန်ဆိုင်ရာ လက်ထောက်အထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး လက်ရှိတွင် ယင်းရာထူးဖြင့် လက်ဘနွန်နိုင်ငံ၌ တာဝန်ထမ်းဆောင်လျက်ရှိသည်။

အေပီ။

အယ်လ်ဆာဗေဒိုယာဉ်တိုက်မှု

အယ်လ်ဆာဗေဒိုနိုင်ငံ၏ မြို့တော် ဆန်ဆာဗေဒို၏ အနောက်ဘက် ၄၂ ကီလိုမီတာအကွာတွင် ထရပ်ကားတစ်စီးနှင့် ဘတ်စ်ကားသုံးစီးတို့ တိုက်မိသောနေရာ၌ တွေ့ရသော ဘတ်စ်ကားတစ်စီး၏ အပျက်အစီးများကို တွေ့ရစဉ်။

[ဖေဖော်ဝါရီ ၂၁ ရက်က ဖြစ်ပွားခဲ့သော ယင်းဖြစ်ရပ်၌ ၁၃ ဦးသေဆုံးပြီး ၇၉ ဦး ဒဏ်ရာရရှိခဲ့သည်။] **ဆင်ဟွာ။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂၃ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၅၀၅၃ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၆၆၀၃ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၀၅၃ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၆၆၀၃ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂၃ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၆၆၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၉၇၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၆၆၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၉၇၇ ဦး

အင်တာနက်။

သုံးရက်ဆက်တိုက် အွန်လိုင်းဂိမ်းကစားသူ သတိလစ်သေဆုံး

ပေကျင်း ဖေဖော်ဝါရီ ၂၃

တရုတ်အမျိုးသားတစ်ဦးသည် သုံးရက်ဆက်တိုက်မအိပ်ဘဲ အစာအနည်းငယ်မျှသာ စားကာ အွန်လိုင်းဂိမ်းကစားပြီးနောက် သေဆုံးသွားကြောင်း သတင်းများတွင် ဖော်ပြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တော် ဆင်ခြေဖုံးရပ်ကွက်တစ်ခုရှိ အင်တာနက်ကဖီးတစ်ခုတွင် အဆိုပါ တရုတ်အမျိုးသား သတိလစ်သွားခဲ့ပြီးနောက် ဆေးခန်းတစ်ခုသို့ အမြန်ပို့ဆောင်ခဲ့သော်လည်း သတိပြန်လည်လာခြင်းမရှိဘဲ သေဆုံးသွားကြောင်း ပေကျင်းတိုင်းမ် သတင်းစာက ဖော်ပြသည်။

မည်သူမည်ဝါဟု အတည်ပြုဖော်ပြမထားသော အဆိုပါ အသက် (၃၀)အရွယ်ရှိ အမျိုးသားသည် ၎င်းမသေမီလအတွင်း ယွမ် ၁၀၀၀၀ (ဒေါ်လာ ၁၅၀၀) ကျော်ဖိုး ဂိမ်းကစားခဲ့သည်ဟု ဆိုသည်။

တရုတ်နိုင်ငံတွင် အင်တာနက်အသုံးပြုသူဦးရေ သန်း ၄၅၀ ကျော်ရှိပြီး အွန်လိုင်းဂိမ်းကစားခြင်းမှာ လူငယ်များအကြား ရေပန်းစားသည်။

အလားတူ ဖြစ်ရပ်မျိုး အခြားနိုင်ငံများတွင်လည်း ဖြစ်ပွားခဲ့ဖူးရာ ၂၀၀၅ ခုနှစ်က တောင်ကိုရီးယားနိုင်ငံတွင် အသက် (၂၈) နှစ်အရွယ် အမျိုးသားတစ်ဦး နာရီ ၅၀ ကြာ မရပ်မနား အွန်လိုင်းဂိမ်းကစားပြီးနောက် သေဆုံးသွားခဲ့ဖူးသည်။

အင်တာနက်။

ဝန်ကြီး သူရဦးမြင့်မောင်အား ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဘုန်းတော်ကြီး VEN . MOK TAK ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်အား ကိုရီးယား-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ကိုရီးယားသမ္မတနိုင်ငံ ဘုန်းတော်ကြီး VEN .MOK TAK ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ကိုရီးယား-မြန်မာချစ်ကြည်ရေးနှင့် သာသနာတော်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်အား ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ကိုရီးယား သမ္မတနိုင်ငံ ဘုန်းတော်ကြီး VEN .MOK TAK ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂၃ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၇) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရု ဆလမ် နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mrs. Fadzllyani binti Haji Annuar ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆေးနှင့်ဆေးပစ္စည်းကုန်သည်အသင်း ကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

Bangladesh Association of Pharmaceutical Industries (BAPI) ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Dhaka မြို့၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ASIA Pharma Expo-2011 သို့ တက်ရောက်ရန် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ ဦးဆောင်၍ ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်အေး၊ အသင်းဝင်များဖြစ်ကြသည့် ဦးမင်းဟန်၊ ဦးစိုင်းဆိုင်လင်း၊ ဒေါက်တာ တင့်ဝေမြတ်၊ ဦးကျော်ကျော်လတ်၊ ဦးဇော်လင်းစိုး၊ ဦးမြင့်ဦး၊ ဦးစံရွှေမောင်၊ ဒေါက်တာ ခင်စန်းအေးနှင့် ဒေါက်တာမူမူဝင်း တို့သည် ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အသင်း ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ သင်းနွယ်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုးမြင့်၊ အလုပ်အမှုဆောင် ဦးကျော်သိန်းဇံနှင့် ဦးအေးမြင့်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဆေးဝါးစက်ရုံများ လေ့လာခြင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆေးဝါးထုတ်လုပ်သူ ကုန်သည်များနှင့် Business Meeting များပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ Dhaka မြို့၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ASIA Pharma Expo-2011 သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဝင်းစည်သူ ဦးဆောင်သောအဖွဲ့ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကြခတ်ကုန်းကြီးကျေးရွာ၌ ပဉ္စမအကြိမ်မြောက် စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းကြီးကျေးရွာ ပဉ္စမအကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းတွင် ကျင်းပရာ စာရေးဆရာ ဒါရိုက်တာ မောင်ယဉ်ကျော်၊ ဆရာမဒေါက်တာ နိုက်တင်ဂေးလ် (ယဉ်မင်းဦး-ဆေးတက္ကသိုလ်)၊ ဆရာအကြည်တော်တို့က စာပေရေးရာများကို ဟောပြောရာ ရွာဦးကျောင်းဆရာတော် ဦးဇဝနနှင့် ကျေးရွာတာဝန်ရှိသူများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ သုံးထောင်ကျော်တို့ တက်ရောက်အားပေးကြသည်။

အဆိုပါ အခမ်းအနားတွင် ဆရာမ ဒေါက်တာနိုက်တင်ဂေးလ် (ယဉ်မင်းဦး-ဆေးတက္ကသိုလ်)က မီးအိမ်ရှင်စာပေတိုက်မှ ထုတ်ဝေသော သုတ၊ ရသ စာအုပ်များကို ကြခတ်ကုန်းကြီးကျေးရွာ သုတအလင်းစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဝါမိုးအောင်စာပေတိုက်ပိုင်နှင့် ဦးကြိုင်မြင့် (မောင်ရန်ရှင်း)က နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော နာဂစ်တန်းရှိ အိမ်ထောင်စုများအတွက် နဂါးလေးကောင်ပလ္လင်ခံ ဆင်းတုတော် ၁၈ဆူကို မဲစနစ်ဖြင့် လှူဒါန်းသည်။ ဆက်လက်၍ နာဂစ်ကာလတွင် ကျွန်းပျိုးပင်များ အတက်ကြွဆုံး ဂရုတစိုက် စိုက်ပျိုးနိုင်သူ ငါးဦးကို ကျေးရွာလူမှုရေး ပရဟိတအသင်းက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၁ ခုနှစ် သကြ်န်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ KENBO က အဓိက ကူညီပံ့ပိုးသော ၂၀၁၁ ခုနှစ် သကြ်န်အကြို KENBO ဖလားဂေါက်သီးရိုက်ပြိုင်ပွဲများကို မတ် ၅ ရက်တွင် မူဆယ်မြို့ ရွှေသမင်ဂေါက်ကလပ်၌ လည်းကောင်း၊ မတ် ၁၃ ရက်တွင် ပုသိမ်မြို့ ဧရာဝတီဂေါက်ကလပ်၌ လည်းကောင်း၊ မတ် ၂၀ ရက်တွင် ပဲခူးမြို့ ဟံသာဝတီဂေါက်ကလပ်၌ လည်းကောင်း၊ မတ် ၂၆ ရက်တွင် မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ လည်းကောင်း၊ ဧပြီ ၁ ရက်တွင် မြစ်ကြီးနားမြို့ Northern Star Golf Club ၌ လည်းကောင်း၊ ဧပြီ ၅ ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ လည်းကောင်း ကျင်းပကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဧပြီ ၇ ရက်နှင့် ၈ ရက်တို့၌ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခုသောကြာပတ်တွင် ရန်ကုန်မြို့လယ်ရုံများ၌ ဆက်လက်ပြသမည့် ဟော့ရှော့-၃ မှ သူထူးစံ နှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

ယခုသောကြာပတ် ကားသစ်မဝင် ဟော့ရှော့ - ၃ ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဖေဖော်ဝါရီ ၂၅ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် ရုံတင်ပြသခြင်း မရှိဘဲ ပြသဆဲ မြန်မာဟာသဇာတ်ကားဖြစ်သည့် **ဟော့ရှော့-၃** ဇာတ်ကားတစ်ကားသာ သမ္မတနှင့် သွင်ရုံ၊ မော်တင်ဂျန်းရှင်းရုံနှင့် နဝဒေး၊ မဟာမြိုင်ရုံတို့တွင် ဆက်လက်ပြသမည်ဖြစ်သည်။ ဟော့ရှော့-၃ ဇာတ်ကားကို လပ်ကီးဆဲဗင်းရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေးမှ မအေးအေးဝင်းက စီစဉ်ထုတ်လုပ်ထားပြီး ဇာတ်လမ်း ဇာတ်ညွှန်း အကြည်တော်၊ ဒါရိုက်တာ ညီညီထွန်းလွင်၊ တွဲဖက်ဩရသတို့က တာဝန်ယူရိုက်ကူးကြကာ ရန်အောင်၊ ရဲအောင်၊ လွင်မိုး၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ မေခလာ၊ မေသန်းနု၊ သက်မွန်မြင့်နှင့် အယ်လ်ဆိုင်းဇီတို့ ခေါင်းဆောင်ပါဝင်ကြသည်။

ရုံတင်ပြသ

မတ်လ ပထမပတ်တွင် ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးသည့် **ကြိုးကြာတောင်ပံခတ်သံ** ရုပ်ရှင်ဇာတ်ကားကို မြို့လယ်ရုံများတွင် ရုံတင်ပြသတော့မည်ဖြစ်သည်။

မင်္ဂလာရုံတွင် THE GREEN HORNET ဇာတ်ကြမ်းကား ပြသမည်ဖြစ်ပြီး ရွှေဆောင်ရုံတွင် နာမည်ကြီး ဟောလီးဝုဒ်သရုပ်ဆောင်များဖြစ်သည့် ဘရုစ်ဝီလီနှင့် မော်ဂန်ဖရီးမင်းတို့ ပါဝင်သည့် စီအိုင်အေ အရှုပ်တော်ပုံ ဇာတ်ကား RED ပြသမည်ဖြစ်ကာ နေပြည်တော်ရုံတွင် လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းကြိုက် ပရိသတ်အတွက် GULLIVER'S TRAVELS ဇာတ်ကားများ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၂၀ ၈။ အကပဒေသာ
၈:၃၀ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၂၀ ၃။ အဆိုပြိုင်ပွဲ
၄:၃၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၄၀ ၅။ တေးဂီတအစီအစဉ်
၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၈။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅:၂၀ ၉။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၅:၃၀ ၁၀။ "ပုံတောင်တောင်ကြောဆီသို့ ခရီးတစ်ခေါက်"
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၄၃) (နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့် ကိုလင်း၊ ကိုရဲ၊ စိုးပြေ) (ဒါရိုက်တာ- အောင်ကျော်သူရ)**
၆:၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ)(အပိုင်း-၁၃)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ "အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၁၅)
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (အပိုင်း-၃၀)**
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၃၉)**
၂၂။ အစီအစဉ်ပြီး၏။

အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁

စန်းလွင်

၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာသစ်တောများ နှစ် (International Year of Forests) အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့က ဆုံးဖြတ်ချက်အမှတ် ၆၁/၁၉၃ ဖြင့် ကြေညာခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် အထိမ်းအမှတ်အခမ်းအနားကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ် အထွေထွေညီလာခံခန်းမတွင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့က ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် စာရေးသူတက်ရောက်ခွင့်ရရှိခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ရေရှည်တည်တံ့စေမည့် သစ်တောစီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာတည်တံ့မှု၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ သစ်တောများမှ ကာဗွန်စုပ်ယူနိုင်မှု စသည့် မြင်သာသည့်အချက်များကို ထောက်ပြပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်တွင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည်။ သစ်ပင်သစ်တောများ၏ တန်ဖိုးများကို ရှုထောင့်မျိုးစုံမှ နားလည်ခံစားစေရန် ဖန်တီးတင်ဆက်ထားသည့် အပြည်ပြည်ဆိုင်ရာ သစ်တောရုပ်ရှင်ပွဲတော်မှ ဆုရရုပ်ရှင်ကားများကို ပြသခဲ့ပါသည်။ ဆုရ The Queen of Trees ရုပ်ရှင်ကားမှာ ရေသဖန်းပင်တစ်ပင်၏ ဇီဝမျိုးစုံမျိုးကွဲများအတွက် အရေးပါမှုကို သိပ္ပံနည်းကျသာမက အနုပညာပြောင်မြောက်စွာ ဖန်တီးမှုတစ်ခုအဖြစ် ကြည့်ရှုခဲ့ရပါသည်။

အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်တွင် အစိုးရများ၊ ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများ၊ ဆက်စပ်သည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် အခြားအဖွဲ့အစည်းများအနေဖြင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် သစ်တောအမျိုးအစားအားလုံးကို ရေရှည်တည်တံ့စေမည့် စီမံခန့်ခွဲမှုများ၊ ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် တညီတညွတ်တည်း ဆန္ဒသဘောထားဖော်ထုတ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် တံဆိပ် (Logo) မှာ "လူထုအတွက်သစ်တောများ" ဆောင်ပုဒ်ကို အခြေခံရေးဆွဲထားခြင်းဖြစ်ပါသည်။ လူထုအတွက် အမိုးအကာပေးပြီး ဇီဝမျိုးစုံမျိုးကွဲများ၏ မူရင်းဒေသဖြစ်သည့် သစ်တောများမှ စားနပ်ရိက္ခာ၊ ဆေးဝါး၊ သန့်ရှင်းသောရေတို့ ရရှိနိုင်ကာ တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုနှင့် ပတ်ဝန်းကျင်တည်ငြိမ်ရေးတို့အတွက် ထိန်းသိမ်းရာ၌ အရေးပါသည့်ကဏ္ဍတွင် ပါဝင်နေပါသည်။ ကမ္ဘာ့လူသား သန်း ၇၀၀၀ တို့၏ ဘဝရပ်တည်မှုနှင့် အကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် သစ်တောများကို အလေးပေးရန် လိုအပ်လျက်ရှိပါသည်။

လက်ရှိသစ်တောဖုံးလွှမ်းမှုမှာ ကမ္ဘာမြေဧရိယာ၏ ၃၁ ရာခိုင်နှုန်းရှိနေပြီး လူသားများ၏ လုပ်ဆောင်မှုကြောင့် နှစ်စဉ်သဘာဝသစ်တော ဧကသန်း ၃၀ ကျော် ဆုံးရှုံးလျက်ရှိရာ သဘာဝသစ်တောဧက သန်း ၉၈၀၀ ခန့်ကို မှီခိုနေကြရသည့် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံ (သန်း ၁၆၀၀ခန့်) အတွက် စိုးရိမ်ဖွယ်ရာ ဖြစ်နေပါသည်။

သစ်တောဧရိယာအများဆုံး ငါးနိုင်ငံမှာ ရုရှား၊ ဘရာဇီး၊ ကနေဒါ၊ အမေရိကန် ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပြီး ယင်းနိုင်ငံများတွင် ကမ္ဘာ့သစ်တောဧရိယာ၏ တစ်ဝက်ကျော်ရှိနေကြပါသည်။ ကမ္ဘာ့သစ်တောများတွင် အမျိုးသားဥယျာဉ်၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အပါအဝင် ဥပဒေဖြင့် ဖွဲ့စည်းထားသည့် ကာကွယ်တောဧရိယာမှာ ကမ္ဘာ့သစ်တော၏ ၁၃ ရာခိုင်နှုန်းခန့်သာ ရှိနေပါသည်။ ခရစ်နှစ် ၂၀၀၀ နှင့် ၂၀၁၀ ကာလအတွင်း နှစ်စဉ်သစ်တောဧရိယာ ဧက ၁၂ ဒသမ ၈ သန်းဆုံးရှုံးလျက်ရှိရာ ၎င်းဧရိယာမှာ ကော့စတာရီကာနိုင်ငံ၏ အကျယ်အဝန်းခန့်ရှိပါသည်။ ခရစ်နှစ် ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း နှစ်စဉ်သစ်တောဆုံးရှုံးမှုနှုန်း ဧကသန်း ၂၀နှင့် နှိုင်းယှဉ်ပါက လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။

သဘာဝသစ်တောများပြုန်းတီးမှုကို ဖြည့်ဆည်းရန်အတွက် တစ်ဖက်မှလည်း သစ်တောစိုက်ခင်းများ တည်ထောင်လျက်ရှိရာ တည်ထောင်ပြီး သစ်တောစိုက်ခင်းဧက ၆၂၅ သန်းခန့်ရှိနေပြီး ကမ္ဘာ့သစ်တောဧရိယာ၏ ၇ ရာခိုင်နှုန်းခန့် ရှိနေပါသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း သစ်တောစိုက်ခင်းဧက ၁၂ သန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါသည်။

သစ်နှင့် သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နေသည့် သစ်တောဧရိယာမှာ ဧကသန်း ၃၀၀၀ ခန့်သာဖြစ်ပြီး ဧကသန်း ၂၃၅၀ ခန့်မှာမူ ဘက်စုံသုံးရန် သတ်မှတ်ထားပါသည်။ ၁၉၉၀ ခုနှစ်မှစ၍ သစ်နှင့် သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နေသည့် သစ်တောပမာဏမှာ ဧက ၁၂၄ သန်းခန့် လျော့နည်းလာပါသည်။ အလားတူ သစ်ထုတ်လုပ်မှုပမာဏမှာလည်း အာဖရိကဒေသမှအပ ကျန်ဒေသအားလုံးတွင် လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ စာရင်းရရှိထားသော နှစ်စဉ်ထုတ်လုပ်သည့် သစ်ပမာဏမှာ ပျမ်းမျှသန်း ၃၄၀၀ ကုဗမီတာ ခန့် ရှိနေပါသည်။

ရေမြေထိန်းသိမ်းရန် သတ်မှတ်ထားသည့် သစ်တောပမာဏမှာ ဧက ၈၁၅ သန်းခန့်ရှိပြီး တရုတ်ပြည်က သဲကန္တာရတိုက်ဖျက်ရေးရည်ရွယ်ချက်ဖြင့် သစ်ပင်စိုက်ပျိုးမှုကြောင့် ၁၉၉၀ ခုနှစ်အတွင်း ဧရိယာဧက ၁၄၈ သန်းခန့် တိုးတက်လာပါသည်။

ကုလသမဂ္ဂသစ်တောညီလာခံက ချမှတ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ ရည်ရွယ်ချက် (၄)ချက်မှာ-

- ကမ္ဘာတစ်ဝန်းသစ်တောဖုံးလွှမ်းမှု လျော့နည်းခြင်းကို တားဆီးရန်အတွက် ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ပျိုးခြင်းနှင့် သစ်တောပြုန်းတီးမှု တားဆီးရန် ကြိုးပမ်းမှုများပါဝင်သည့် "ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်" ဖြင့် ဆောင်ရွက်ရန်၊
- သစ်တောများကို အမှီပြုနေကြသည့် လူတို့၏ လူနေမှုအဆင့်မြင့်မားရေးဆောင်ရွက်ရန်အတွက် သစ်တောအခြေခံစီးပွားရေး၊ လူမှုရေးနှင့် သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးခံစားခွင့်များအား တိုးမြှင့်ဆောင်ရွက်ရန်၊
- ရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်မှုရှိသည့် သစ်တောများ၏ ဧရိယာကို သိသိသာသာ တိုးမြှင့်လာစေရန်အတွက် ကာကွယ်ထားသော သစ်တောများနှင့် ရေရှည်တည်တံ့စေသည့်၊ စီမံအုပ်ချုပ်မှုရှိသည့် သစ်တောများမှ ထုတ်လုပ်သော သစ်တောထွက်ပစ္စည်းများ၏ အချိုးအစားများပြားလာစေရေး ဆောင်ရွက်ရန်၊
- ရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်မှုအတွက် တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ လျော့နည်းလာမှုများ တားဆီးရန်နှင့် ရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အသစ်နှင့် အပိုဆောင်းဘဏ္ဍာငွေ အရင်းအမြစ်များ သိသိသာသာ တိုးမြှင့်လာရေးအတွက် ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

ကုလသမဂ္ဂ သစ်တောဆိုင်ရာဖိုရမ်က အဖွဲ့ဝင်နိုင်ငံများအား အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့သစ်တောများနှစ်တွင် အောက်ပါအတိုင်း ဆောင်ရွက်ကြရေး တိုက်တွန်းထားပါသည်။

- ကုလသမဂ္ဂသစ်တောဆိုင်ရာ ဖိုရမ်အဖွဲ့ဝင်နိုင်ငံများ၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် သီးသန့်အခမ်းအနားများ ကျင်းပပြီး သစ်တောများ၏ ဘက်စုံတန်ဖိုးများကို လူသားအားလုံး သတိပြုစေရေးအတွက် ကမ္ဘာ့သစ်တောများနှင့် ၎င်းတို့အား မှီခိုနေကြသူများ ရင်ဆိုင်နေကြရသည့် ပြဿနာများကို ဖော်ထုတ်ကြရန်၊
- ဥပဒေဖြင့် ချည်နှောင်ထားခြင်းမရှိသော သစ်တောအမျိုးအစားအားလုံးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက် (၄)ချက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒပိုင်းဆိုင်ရာ တွန်းအားများ တိုးမြှင့်သွားရန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်၊ ဆောင်ရွက်မည့်နည်းလမ်းများ ရန်ပုံငွေနှင့် သယံဇာတများ ဖော်ထုတ်နိုင်မည့် နည်းဗျူဟာများချမှတ်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နည်းပညာများ လွှဲပြောင်းပေးရန်၊
- အဖွဲ့ဝင်နိုင်ငံများ၌ အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ သို့မဟုတ် တာဝန်ခံခန့်အပ်ရန်၊ အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် လှုပ်ရှားမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများကို ဒေသအဆင့်၊ အမျိုးသားအဆင့်ဆောင်ရွက်ရန်၊ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အချင်းချင်း၊ အဓိကအဖွဲ့ဝင် အချင်းချင်း ဆက်စပ်သည့် လှုပ်ရှားမှုများတွင် စေတနာ့ဝန်ထမ်း ဆက်သွယ်ညှိနှိုင်းပြီး အားပေးဆောင်ရွက်ကြရန်၊ အဖွဲ့ဝင်နိုင်ငံများအား ရေရှည်သစ်တောစီမံအုပ်ချုပ်မှုအတွက် အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်တို့တွင် အောင်မြင်မှုရသည့် သာဓကများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်အသိပေးရန်၊
- ကုလသမဂ္ဂအောက်ရှိ အဖွဲ့အစည်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ သစ်တောများနှင့် လှုပ်ရှားမှုများတွင် အပြည့်အဝပူးပေါင်းပါဝင် ပံ့ပိုးကြရန်၊
- ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်အနေဖြင့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ ကျင်းပရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်ပြရန်၊ သဘောတူပြီးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များတွင် သစ်တောကဏ္ဍသည် သိသာထင်ရှားစွာ ပါဝင်နေပါ၍ လက်ရှိနှင့် အနာဂတ်မျိုးဆက်များအား သစ်တောအမျိုးအစားအားလုံးမှ အကျိုးအမြတ်ခံစားစေရေးအတွက် စီမံခန့်ခွဲမှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊
- သစ်တောများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းများအနေဖြင့် ဂေဟစနစ်များ၊ ရေရှည်စီမံခန့်ခွဲရန် လိုအပ်မှုများ အပါအဝင် ဘက်စုံတန်ဖိုးများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းများအလိုက်ဖြစ်စေ ပိုမိုနားလည်စေရေး ဆောင်ရွက်သွားရန်။

ကုလသမဂ္ဂ သစ်တောဆိုင်ရာဖိုရမ် အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာ့သစ်တောများကို ထာဝစဉ်တည်တံ့စေမည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ် ကျင့်သုံး၍ နှစ်တို၊ နှစ်ရှည်မူဝါဒများချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့သစ်တောမူဝါဒတွင် လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးထိန်းသိမ်းရန်၊ ပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ သစ်တောများထိန်းသိမ်းခြင်းနှင့် အသုံးချခြင်းတို့တွင် ပြည်သူတို့ပူးပေါင်းပါဝင်စေရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေမှုကို ပြည်သူအတွင်း အသိစိတ်ဓာတ်ရှိနေစေရေး စည်းရုံးလှုံ့ဆော်သွားရန် ပဓာနအချက်များအဖြစ် သတ်မှတ်ထားပါသည်။ ၎င်းအပြင် ဒေသခံပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်မှုရယူပြီး သစ်တောများ ပျက်စီးပြုန်းတီးသွားသော နေရာများတွင် ပြန်လည်ပြုစုစိုက်ပျိုးရန်နှင့် သစ်တောမရှိသော နေရာများတွင် သစ်တောတည်ထောင်ရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှု၊ ရာသီဥတုပြောင်းလဲမှုအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများစသည့် လက်ရှိစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသော သစ်တောများကို ရေရှည်တည်တံ့စေရေးအတွက် ဒေသခံပြည်သူများအပါအဝင် လူသားအားလုံးက အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်ဖြစ်သည့် ၂၀၁၁ ခုနှစ် တွင် အသိစိတ်ဓာတ်ရှိရှိဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

စိန်ပက်ထရစ် အထက(၅)မော်လမြိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မော်လမြိုင်မြို့ စိန်ပက်ထရစ် အထက (၅) ကျောင်းတော်ကြီး နှစ် (၁၅၀)ပြည့် အထိမ်းအမှတ်နှင့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၁၉ ရက် (စနေနေ့) (တပေါင်းလပြည့်နေ့)တွင် အဆိုပါကျောင်း ရာပြည့်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်းကျောင်း စတင်ဖွင့်လှစ်သည့်နေ့မှစ၍ ၂၀၁၀ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ပူဇော်မည် ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဦးသိန်းဇော် ဖုန်း-၀၉-၅၀၁၀၆၅၂၊ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေး) ဖုန်း-၀၁-၇၃၀၄၆၈၆၄၊ ဦးအုန်းလွင် ဖုန်း-၀၉-၅၀၁၃၂၄၃၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၇၅၁၀၀၊ ဦးချန်ထွန်း ဖုန်း-၀၅၇-၂၄၄၃၇၊ ဦးလှရှိန် ဖုန်း-၀၅၇-၂၄၇၁၇၊ ဦး S.S ကျော်ဝင်း ဖုန်း-၀၅၇ ၂၄၆၄၄၊ ဦးဝင်းနိုင် ဖုန်း-၀၅၇-၂၃၁၀၀၊ ဦးဗိုလ်မောင် ဖုန်း-၀၅၇-၂၇၂၀၅ ကျောင်းအုပ်ကြီး အထက (၅) မော်လမြိုင်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရန်ကုန်-မော်လမြိုင် မော်တော်ကားအကြိုအပို့ စီစဉ်ထားရှိကြောင်း သိရသည်။ (ကြေးမုံ)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် အဖွဲ့ဝန်ထမ်းများ ရန်ကုန်မြို့ဘက်အထွက်လမ်း၌ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

သံတွဲခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် သံတွဲခရိုင်အသင်း ဒေသနယ်သူ၊ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများစာရင်း (နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ)၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများသည် အမှတ်စာရင်းမိတ္တူနှင့် အိမ်ထောင်စုစာရင်း မိတ္တူတို့ကို ပူးတွဲ၍ ဦးချစ်မောင် ဖုန်း-၀၉-၈၅၉၁၈၅၅၊ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ဦးထင်ကျော်လင်း ဖုန်း-၅၁၆၆၅၆၊ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊ ဦးသာဒင် ဖုန်း-၇၃၀၁၅၃၇၉နှင့် ဦးအောင်ကျော်ထွန်း ဖုန်း-၇၃၀၁၅၅၂၈ တို့သို့ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် ရတနာပုံတယ်လီပို့ အဆောက်အအုံ၌ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် ရတနာပုံတယ်လီပို့ အဆောက်အအုံ၌ တပ်ဆင်ထားရှိသည့် Convergence BILLING CENTRE (တယ်လီဖုန်းများ၏ ပြောဆိုခကို စုစည်းငွေကောက်ခံသည့်စနစ်) စက်ခန်း၌ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ SOFT SWITCH ROOM၊ ISP DATA CENTRE စက်ခန်းနှင့် YATANAPON WEB-PORTAL CONTROL စခန်းတို့ကိုလည်းကောင်း၊ NETWORK OPERATING CENTRE နှင့် IPTV ROOM တို့ကိုလည်းကောင်း၊ DATA CENTRE တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် YATANAPON FIBER OPTICAL FACTORY ၌ ကေဘယ်လ်ထုတ်လုပ်မှုအခြေအနေနှင့် ထုတ်လုပ်ပြီး ကေဘယ်လ်များကို လည်းကောင်း၊ ASIA MEGA LINK စက်ရုံ၌ မိုဘိုင်းစက်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုနှင့် PREPAID CARD များ ထုတ်လုပ်မှုကိုလည်းကောင်း၊ မြောက်ပိုင်းအိမ်ရာစီမံကိန်း၌ အိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ စီမံကိန်းမြေယာတွင် မြေယာများ တိုးချဲ့ရှင်းလင်းထားရှိမှုနှင့် လမ်းသစ်များ ထပ်မံဖောက်လုပ်ထား ရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း ဒုတိယဝန်ကြီး ဦးမြင့်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကြိမ်ပင်ဆည်-စကြော့-နေဖြူ-ဇလွန်-ဟင်္သာတလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းခရိုင်အင်ဂျင်နီယာမှူးရုံး၌ ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဆက်လက်၍ ဟင်္သာတ-ဆုံကုန်း-မြန်အောင်-ကြံခင်းလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး အဆိုပါ လမ်းပေါ်ရှိ မမြချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ပုသိမ်-မုံရွာလမ်း အပိုင်း(၁) ဘက်ရဲ-ရေကြည်-ကံကလေးအပိုင်း ကတ္တရာခင်းပြီးစီး၍ လမ်းသားချဲ့ခြင်း၊ လမ်းဘေးရေနုတ်မြောင်း ပြုလုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဟင်္သာတ-ဆုံကုန်း-မြန်အောင်-ကြံခင်းလမ်းပေါ်ရှိ မမြချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MCC Training Institute (ရတနာပုံ)တွင် ကွန်ပျူတာသိပ္ပံဘွဲ့ သင်တန်းများ တက်ရောက်နိုင်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

MCC Group သည် MCC Training Institute (ရတနာပုံ)ကို ဖွင့်လှစ်ခဲ့ပြီးနောက် Yangon Campus နှင့် Mandalay Campus တို့ကို ဆက်လက်တိုးချဲ့ကာ နိုင်ငံတကာအဆင့် နိုင်ငံခြားတက္ကသိုလ်များ၏ ဘွဲ့သင်တန်းများ သင်ကြားပေးလျက်ရှိရာ School of Computing မှ ကွန်ပျူတာသိပ္ပံဘွဲ့ B.Sc (Business IT)သင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။ School of Engineering မှ နည်းပညာဆိုင်ရာ အင်ဂျင်နီယာဘွဲ့ B.S.E သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ School of Business မှလည်း စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ B.B.A ဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

MCC Training Institute School of Computing သင်တန်းများ၏ ထူးခြားချက်မှာ သမားရိုးကျ တက္ကသိုလ်များမှ ဘွဲ့သင်တန်းများ သင်ကြားသကဲ့သို့ မဟုတ်ဘဲ Supply Chain ပုံစံမျိုးဖြင့် Academic, Skill, Work Experience, Language Proficiency တို့ကို တစ်ပြိုင်တည်း ပေါင်းစပ်သင်ကြားပေးမည့် အစီအစဉ်ဖြစ်သည့်အတွက် Human Resource Development Supply Chain ပုံစံဟု တင်စားခေါ်ဆိုထားသည်။ အချိန်တိုအတွင်း ပြည်တွင်းမှာသာမက နိုင်ငံတကာတွင် လုပ်ငန်းခွင်သို့ တိုက်ရိုက် ဝင်ရောက်နိုင်သော (Global Employability) ဖြစ်နိုင်မည့် အရည်အချင်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ရရှိနိုင်မည့် အစီအစဉ်ဖြစ်သည်။

MCC Training Institute ကျောင်းသား၊ ကျောင်းသူများအတွက် အင်တာနက်ကို ကျောင်းပရိဝုဏ်များအတွင်း မည်သည့်အချိန်၊ မည်သည့်နေရာမှမဆို အသုံးပြုနိုင်ရန် Wi- fi Internet Access ပြုလုပ်ထားပေးပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်လူရွယ်များ ဖြစ်လာစေရေးအတွက် အားကစား၊ အနုပညာ၊ လူမှုပတ်ဝန်းကျင် လေ့လာရေးတို့အပြင် Personal Grooming အပါအဝင် Soft Skill များကိုပါ တွဲဖက်သင်ကြားလေ့ကျင့်ပေးနိုင်ရန်လည်း စီစဉ်ထားသည်။

အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် B.Sc (Business IT) ကွန်ပျူတာဘွဲ့သင်တန်းကို မတ် ၂၄ ရက်တွင် Yangon Compus ၌ လည်းကောင်း၊ မတ် ၃၁ ရက်တွင် MCC Training Institute (Yatanarpon) နှင့် Mandalay Campus တို့၌လည်းကောင်း ဖွင့်လှစ်မည်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျောင်းသား၊ ကျောင်းသူများ Day Student အဖြစ် တက်ရောက်နိုင်မည်ဖြစ်ပြီး MCC Training Institute (Yatanarpon) တွင်မူ အဆောင်ဖြင့် နေထိုင်၍ ပညာသင်ယူနိုင်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများသည် MCC Training Institute (Yatanarpon) Incubation Center (3) ရတနာပုံနည်းပညာမြို့သစ် ပြင်ဦးလွင် ဖုန်း-၀၂-၇၈၁၁၂၊ ၀၂-၇၈၁၁၄ နှင့် ၀၉-၅၀၆၇၁၆၅၊ Yangon Campus အဆောင် (၃-၄)၊ သိမ်ကြီးဈေး(စီ)ရုံ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၅၅၁၂၊ ၂၄၅၇၆၂၊ ၂၄၉၁၅၂ နှင့် ၂၄၆၆၃၄၊ Mandalay Campus ဝါးခင်းကုန်း ဘုရားလမ်း(၃၅)လမ်း (၅၆)လမ်းနှင့် (၅၇) လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၉-၉၁၀၃၄၀၆၂ နှင့် ၀၂- ၇၇၉၃၀ တို့သို့ ဆက်သွယ်၍ ကျောင်းဝင်ခွင့်ပုံစံများ ရယူကာ လျှောက်ထား တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၂)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ခင်မောင်ဝင်းနှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၆ ရက်က မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာနရုံးချုပ်၌ ယာဉ်မောင်းသင်တန်းသား ၄၂ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောပို့ချစဉ်။ (ယာဉ်စည်းကမ်း)

သဲတောအခြေခံပညာ အထက်တန်းကျောင်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဝမ်းတွင်းမြို့နယ် သဲတောမြို့ သဲတောအခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲနှင့် ယင်းမာ ကျောင်းဆောင်သစ်၊ အုတ်တံတိုင်းများ၊ သန့်စင်ခန်းများ၊ စာရေးခုံများအား ပညာရေးဌာနသို့ ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ကျင်းပရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဝမ်းတွင်းမြို့နယ်ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး လက်ထောက် တိုင်းပညာရေးမှူး(စီမံ)၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများ၊ အလှူရှင်များ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။ (ကြေးမုံ)

ငွေဆောင်အလှသဘာဝ ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)မှ ကြီးမှူးကျင်းပမည့် "ငွေဆောင်အလှသဘာဝ" ခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် ငွေဆောင်ကမ်းခြေ ဓာတ်ပုံပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၈ ရက် နောက်ပိုင်းရိုက်ကူးထားသော ပုံဖြင့်ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ဆုရရှိပါက ဆုရပုံ၏ မူရင်းနဂ္ဂတစ်ပုံများကို ဆုကြေညာပြီး ခုနစ်ရက်အတွင်း တင်ပြနိုင်ရမည်။ ပြိုင်ပွဲဆုကြေးမှာ ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်း၊ နှစ်သိမ့်ဆု ၁၂ ဆုကို တစ်ဆုလျှင် ငါးသောင်းကျပ်စီ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲများကို မတ် ၁၄ရက်(တနင်္လာနေ့) ညနေ ၄ နာရီအရောက် မြန်မာနိုင်ငံဓာတ်ပုံအသင်း ၂၇/၂၉ (၃၅)လမ်းအောက် ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇သို့ ပေးပို့ရမည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံဓာတ်ပုံအသင်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမက(၁၈)တာမွေ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မိဘများက ဖေဖော်ဝါရီ ၁၁ ရက်က စုပေါင်းလှူဒါန်းသော ကွန်ပျူတာတစ်လုံး၊ ဦးဝင်းနိုင်-ဒေါ်မူယာအေး သမီးမရွှန်းလဲ့ရည်ဝင်း ဒုတိယတန်း(ခ)၊ မသွန်းလဲ့ရည်ဝင်း သူငယ်တန်း(က)တို့မှ ကွန်ပျူတာတစ်လုံး၊ ဦးကျော်ကျော်လတ်- ဒေါက်တာ ဒေါ်အေးအေးကျော် သားမောင်လင်းရောင်သွင် ဒုတိယတန်း(ခ) တို့မှ ကွန်ပျူတာတစ်လုံး ပေးအပ်လှူဒါန်းပွဲ၌ အလှူရှင်တစ်ဦးအား ကျောင်း အုပ်ဆရာမကြီး ဒေါ်အေးအေးဆွေ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၃၀	၅။	ဓမ္မပူဇာတေး
၇း၃၅	၆။	မျိုးချစ်တပ်မတော်
၇း၄၀	၇။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၄၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	ဦးတည်ချက်(၁၂)ရပ်
၈း၁၃	၁၃။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၄။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၅။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅	၃။	နိုင်ငံတော်သီချင်း
၄း၁၀	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ဇာတ်လမ်းတို
၄း၃၀	၇။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	၈။	ဗွီစီဒီကျော်ကြားတေး
၄း၄၅	၉။	မွေးမြူသုတ
၄း၅၀	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၁၁။	သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၁၀	၁၂။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-မာယာနှုတ်ခမ်း (အပိုင်း-၄၂)**
၆း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၆။	ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၄၅	၁၇။	ကာတွန်းအစီအစဉ်-ကြယ်တာရာမင်းသားလေး (အပိုင်း-၁)
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ကြယ်စင်ညီအစ်မများ (အပိုင်း-၆၀)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဦးတည်ချက်(၁၂)ရပ်
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	အနုပညာရှင်၏တစ်နေ့တာ
	၂၅။	လျှပ်တစ်ပြက်
	၂၆။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁၄)**
	၂၈။	ဂီတရင်ခုန်သံ
	၂၉။	သင့်အတွက်မနက်ဖြန်
	၃၀။	အပိတ်နှုတ်ဆက်စကား
	၃၁။	ပြီးပါပြီ။

စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် လားရှိုးမြို့၌ ကျင်းပသော မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဆုရရှိကြသော အသင်းများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ ကျင်းပသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုင်း တပ်မတော် (ကြည်း/ ရေ/လေ)အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားကာပြိုင်ပွဲဝင်အသင်းများယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဇော မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရအသင်းအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၄) တိုးချဲ့ (၁)လမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ KOICA မှ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား တာဝန်များပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(Korea International Cooperation Agency-KOICA)မှ ဌာနေကိုယ်စားလှယ် Ms.Kim,Jin-Hwa နှင့်ဌာနေကိုယ်စားလှယ်အဖြစ် စတင်တာဝန်ထမ်းဆောင်မည့် Ms. Kim, Tae-Eunတို့သည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA)၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်ထားသည့် စက်မှုသင်တန်းကျောင်း(သာဂရ)အတွက် ဆက်လက်၍ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်နှင့် တည်ဆောက်လျက်ရှိသော စက်မှုသင်တန်းကျောင်း(မကွေး)ကို ၂၀၁၁ခုနှစ် မေလတွင် လွှဲပြောင်းလက်ခံဖွင့်လှစ်နိုင်ရေးတို့အတွက် လုပ်ငန်းစဉ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဘုရားကြီးကုန်း အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မအိဖြူကျော်အား ကျောင်းအုပ်ဆရာကြီးဦးစိုးသန်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

မတ်လထုတ် ငွေတာရီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကိုဇော်ဝင်း(KMD)၏ ပန်းချီလက်ရာနှင့်အတူ ညွန့်ဝေ(ကသာ)၊ ကို(တက္ကသိုလ်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ကိုနိုင်း(ချင်းတောင်)၊ မောင်မြင့်နိုင်၊ ဒွေးသစ်လွင်(ပရိမ္မ)၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ခြိမ့်နိုင်တို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ ငွေကြည်၊ တင်အောင်နီ၊စည်သူကျော်တို့၏ကာတွန်းလက်ရာများအပါအဝင် ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မင်းယုဝေ၊ မောင်ခင်မင်(ဓနုဖြူ)၊ ချစ်နိုင်(စိတ်ပညာ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ တက္ကသိုလ်သန်း၊ ဓမ္မဒူတဝိစာရ၊ အမျိုးသားစာပေဆုရ အောင်စိုး(တိရစ္ဆာန်ဆေးကု ဆရာဝန်)၊ ညောင်ဦးဖိုးချို၊ ရေနံမြေမောင်မောင်ကြည်၊မောင်စူးစမ်း၊ ဗိုလ်ကလေးတင့်အောင်၊ရန်နိုင်၊ လှဘုန်းအောင်၊ သက်သခင်ညိမ်း၊ မောင်ကြည်သစ်ဦး၊ သော်ဇင်သစ်၊နိုင်ဇော်၊ ရဲမာန်ခ၊ ပီကျော်ဟန်၊ မနုဿကျော်ဝင်း၊ မြင့်ဆွေ(မျက်စိအတု)တို့၏ စာပေရေးရာနှင့် သုတရသဆောင်းပါးများ၊ မြေလတ်မောင်ချစ်ဖူး၏ မြန်မာ့ ရိုးရာဟာသများ အပြင်သော်တာဆွေ၊လဝန်းခင်၊ပင်မြင့်စံ(ရွှေဘို)၊ စိုးကိုကို(လေးမျက်နှာ)၊ မျိုးခင်တို့၏ ဝတ္ထုများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၃၇၁၂၄၄ နှင့် အမှတ် (၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့်စာဖတ်သူထံVPPအရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်းသိရသည်။ (သတင်းစဉ်)

ဒီပဲယင်းမြို့နယ်၊ ရေဦးမြို့နယ်နှင့် ခင်ဦးမြို့နယ်တို့၌ စာပေဟောပြောပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများကို စေတနာရှင် ရပ်မိရပ်ဖများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပေါင်းစည်းဦးဆောင်လျက် ကျင်းပခဲ့ရာ ဒီပဲယင်းမြို့နယ် မန်ကျည်းစောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၉ ရက် ည ၈နာရီမှ ၁၁နာရီအထိ၊ စိုင်ပြင်ကြီးကျေးရွာ အထက၌ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ၊ ဒီပဲယင်းမြို့ ဆရာစံခန်းမ၌ ဇန်နဝါရီ ၁၂ ရက် ည ၈နာရီမှ ၁၁ နာရီအထိ ကျင်းပခဲ့သည်။

ထို့အတူ ရေဦးမြို့ ရေဦးမြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၀ရက် ည ၈နာရီမှ ၁၁နာရီအထိ၊နှော့ကုန်းကျေးရွာအထက၌ ဇန်နဝါရီ ၁၀ရက် မွန်းလွဲ၁နာရီမှ ညနေ၄နာရီအထိ၊ မြို့ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၁၀ရက် ည ၈ နာရီမှ ၁၁နာရီအထိ၊ မုန်တိုင်ပင်ကျေးရွာ အထက၌ ဇန်နဝါရီ ၁၂ရက် မွန်းလွဲ၁နာရီမှ ညနေ ၄နာရီအထိ၊ ခင်ဦးမြို့နယ် အောင်သာ (အင်းပေါက်ကျေးရွာ) ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၁၃ရက် ည၈နာရီမှ ၁၁နာရီအထိ ကျင်းပခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲများသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် အမျိုးသားစာပေဆုရ စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ စာပေဗိမာန်စာမူဆုရစာရေးဆရာ မောင်ဆန္ဒ (လယ်ဝေး)တို့က ဟောပြောခဲ့ကြပြီး ဒီပဲယင်းမြို့နယ်နှင့် ရေဦးမြို့နယ်တို့၏ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများဖြစ်ကြသော ဦးမျိုးလွင်နှင့် ဦးတိုးတိုးထက်၊ စာပေဟောပြောပွဲ ဖြစ်မြောက်ရေး ဦးဆောင်သူ ရပ်မိရပ်ဖ နာယက ဦးမျိုးတင့်နှင့် ဇနီး ဒေါ်ခင်ဝင်းကြည်၊သက်ဆိုင်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများက တစ်ရွာဝင်တစ်ရွာထွက် လိုက်ပါအားပေးခဲ့ကြကာ စာပေချစ်မြတ်နိုးသူ ကျေးရွာသူ၊ကျေးရွာသားများစိတ်ပါဝင်စားစွာ တက်ရောက်နားဆင်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

လပွတ္တာမြို့ မြို့ဝင်ဆိုင်းဘုတ်၌ မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမောင်တိုး (ဒုတိယညွှန်ကြားရေးမှူး) ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ချောင်းဦး ဖေဖော်ဝါရီ ၂၃

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောင်းဦး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အောင်မင်္ဂလာလမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်၊ ချောင်းဦး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုး၊ ချောင်းဦးတောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မြို့နယ်စည်ပင်)

အိုင်တီနည်းပညာအခြေခံသင်တန်းများ မတ်လဆန်း၌ စတင်ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယခုအခါတွင် အရွယ်သုံးပါးမရွေး အင်တာနက်နှင့် အိုင်တီနည်းပညာများအား အသုံးပြုလာကြပြီး နေအိမ်များတွင်သာမက မိမိ၏ လက်ကိုင်ဖုန်းများတွင်ပါ အင်တာနက်များ ချိတ်ဆက်အသုံးပြုလာနိုင်ပြီ ဖြစ်သောကြောင့် အိုင်တီပညာရပ်၏ များစွာအသုံးဝင်မှုကို လူတိုင်းသိရှိနေပြီဖြစ်သည်။ မိဘများကလည်း မိမိတို့၏ သားသမီးများအား ငယ်စဉ်ကတည်းကပင် အိုင်တီပညာရပ်များနှင့် ရင်းနှီးစေရန် အိုင်တီနည်းပညာသင်တန်းများကို အထူးပြုသင်ယူစေသည်ကိုလည်း တွေ့မြင်နေကြရသည်။

ယင်းကဲ့သို့ အိုင်တီပညာရပ်၏ အရေးပါမှုနှင့် အသုံးဝင်မှုတို့ကို သိရှိပြီး မိမိတို့၏ သားငယ်၊ သမီးငယ်များအား နွေရာသီ အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချစေလိုသော မိဘများ၏ တောင်းဆိုချက်အရ နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် Myanmar WWW Institute (M3WI) က မတ်လဆန်းတွင် နွေရာသီအိုင်တီအခြေခံ သင်တန်းများအား ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အသက် (၁၁)နှစ်အရွယ် ကျောင်းသား၊ ကျောင်းသူများမှ စတင်၍ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနွေရာသီ အိုင်တီအခြေခံသင်တန်းတွင် ကလေးတို့အထူးတလည် စိတ်ဝင်စားနိုင်ပြီး ဖန်တီးစိတ်ကူးဉာဏ်အားကောင်းစေမည့် Photoshop ဖြင့် ဂရပ်ဖစ်ဒီဇိုင်းပုံများ ဖန်တီးနည်း၊ Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာရိုက်နည်း၊ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းများအတွက် Microsoft Word စနစ်တကျ အသုံးပြုနည်း၊ Presentation များကို ကိုယ်တိုင် ကျွမ်းကျင်စွာ ပြုလုပ်တတ်စေရန် သာမက လူအများအလယ်တွင် ရဲဝံ့စွာ Presentation ပြုလုပ်နိုင်စေရန် Microsoft Power Point အသုံးပြုနည်း၊ အင်တာနက်၊ အီးမေးလ် အသုံးပြုနည်း စသည်တို့အား သင်ယူရမည်ဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် လေးရက် (တနင်္လာ၊အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ကြာသပတေး) တစ်ချိန် ရှိပြီး မိမိနှင့် အဆင်ပြေမည့်အချိန်ကို ရွေးချယ် တက်ရောက်နိုင်ကြောင်း သိရသည်။

တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ဦးသာကန့်သတ်ထားရာတက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ အဆိုပါ သင်တန်းများကို Myanmar WWW Institute (M3WI) သင်တန်းတည်ရှိရာ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅ နှင့် ၆၅၂၂၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

☆ ကျောဖုံးမှ

စားသုံးဆီ အထွက်နှုန်းကတော့ ၅၇၆၇ မက်ထရစ်တန်ဖြစ်၍ မြို့နယ်၏ စားသုံးမှု လိုအပ်ချက်မှာ ၈၂၁ တန်သာ ဖြစ်သောကြောင့် ပိုလျှံသည့် စားသုံးဆီ ၄၉၄၆ မက်ထရစ်တန်ကို ရွှေဘို၊ မုံရွာ၊ မန္တလေး၊ ကောလင်း၊ မိုးကောင်း၊ မိုးညှင်း မြို့များသို့ တင်ပို့ရောင်းချကြကြောင်း။

ပညာသင်ကြားရေး အပိုင်းမှာတော့ မြို့ပေါ်နှင့် ကျေးလက်ဒေသအားလုံး အခြေခံပညာ အထက တစ်ကျောင်း၊ အလက ခြောက်ကျောင်း၊ အမက ၈၃ ကျောင်းတို့ ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူပေါင်း ၁၃၉၈၀ တို့ကို ဆရာ၊ ဆရာမပေါင်း ၃၆၃ ဦးတို့က ပညာသင်ကြားပေးလျက်ရှိကြောင်းနှင့် ပြည်သူများ အသိအမြင် ကျယ်ပြန့်ရေးနှင့် ပညာဗဟုသုတ တိုးပွားရရှိစေဖို့ ကျေးရွာ ၁၁၂ ရွာတို့မှာ ကျေးလက် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိနိုင်ခဲ့ကြောင်း။

ကျွန်းလှမြို့နယ်၏ အဓိကထူးခြားမှုမှာ သဖန်းဆိပ်ဆည်ကြီး တည်ရှိနေမှုပင်ဖြစ်ကြောင်း။

သတ္တုမြေဖယောင်း (ပွ)မှာ မြို့နယ်အတွင်းရှိ(မြန့်စ်)ဒေသမှ ထွက်ရှိကြောင်း။

ကျောက်မီးသွေးမှာ စမ်းသပ်ဆဲဖြစ်ပြီး သစ်ချိုကျေးရွာနှင့် ညောင်ပင်ရိုးကျေးရွာတို့မှာ ထွက်ရှိနေကြောင်း၊ စွမ်းအင်အနေဖြင့် ရေနံစိမ်းများကို မော်ကယ်၊ နောင်ကောက်၊ ရေရှင်၊ ဟဲကင်းဒေသတွေမှာ ထွက်ရှိလို့ နိုင်ငံတော်၏ ခွင့်ပြုချက်နှင့် ဟွန်ဒါ-မြန်မာကုမ္ပဏီ မန္တလေးမြို့၊ သန်မြန်သူကုမ္ပဏီ မုံရွာမြို့တို့က တူးဖော်ထုတ်လုပ်နေကြောင်းဖြင့် မြို့နယ်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုများကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က ရှင်းလင်းပြောကြားအပြီးတွင် မြို့ပြ၏ သန့်ရှင်းသာယာလှပရေးနှင့် လမ်း တံတားများကို လိုက်လံပြသသည်။

ကျွန်းလှမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့တော်ခန်းမတစ်ခု၊ ဈေးများဖြစ်သည့် သစ်ရာမြိုင်ဈေး၊ ပိတောက်မြိုင်ဈေးနှင့် စည်ပင်သာယာဈေး သုံးဈေးရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထိန်းသိမ်းထားသည့် ဧည့်ရိပ်သာတစ်ခု၊ အားကစားကွင်းနှင့် အားကစားရုံ၊ မန္တလေး-မြစ်ကြီးနားလမ်း၊ ကျွန်းလှဘူတာရုံတစ်ခုတို့ကို စနစ်တကျ အကွက်ကျ တည်ဆောက်ထားရှိသည်။

ကျွန်းလှမြို့၌ လျှပ်စစ်ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ထားရှိပြီး လျှပ်စစ်ဓာတ်အား ၂၄ နာရီ အပြည့်အဝ သုံးစွဲလျက်ရှိသည်။ မြို့တွင်းလမ်းမီးတိုင်ပေါင်း ၁၉၀ ရှိပြီး အဖွဲ့နှင့် ပြည်သူလူထု လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့ ပူးပေါင်း၍ လမ်းမီးများကို ထွန်းလင်းနိုင်ခဲ့သည်။

ဆက်သွယ်ရေးကဏ္ဍ၌ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း တစ်ခု၊ အော်တိုတယ်လီဖုန်း ၅၄၅ လုံး တပ်ဆင်သုံးစွဲလျက်ရှိပြီး CDMA လက်ကိုင်ဖုန်းများကိုလည်း သုံးစွဲလျက်ရှိကြသည်။ အဓိကလမ်းမကြီး ခုနစ်လမ်းကို ကတ္တရာလမ်းများခင်းထားပြီး ကျောက်လမ်း ၁၂ လမ်း၊ မြေလမ်း ၅၅ လမ်း စုစုပေါင်း ၇၄ လမ်း လမ်းအရှည် စုစုပေါင်း ၄၇ ဒသမ ၄ မိုင် ရှိသည်။

တံတားများမှာ ကွန်ကရစ်တံတား ၁၀ စင်း၊ အုတ်ခုံသစ်သားတံတား ရှစ်စင်းတို့ ရှိသည်။ ထို့နောက် သဖန်းဆိပ်ဆည်သို့ သွားရောက်လေ့လာရေးမှာဖြစ်၍ ကျွန်းလှကို နှုတ်ဆက်ပြီး ဆက်လက်ထွက်ခွာခဲ့တော့သည်။ ။



မြို့အဝင် တပ်ကုန်းချောင်းကူး တံတား။

ဗိုလ်ချုပ်လမ်း သာယာလှပရေး ဆောင်ရွက်ထားရှိပုံ။

၂၀၁၁ ခုနှစ် မတ်လထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၁၁ ခုနှစ် မတ်လထုတ် မြဝတီမဂ္ဂဇင်းတွင် သရုပ်ဆောင် မိုးယုစံ၏ မျက်နှာဖုံးနှင့်အတူ ဖိုးရန်နိုင် (ကျောက်ကြီး)၊ ကို(တက္ကသိုလ်)၊ မင်းမောင်နွယ် (မွန်ဌာနီ)၊ မောင်သဲခေါင်၊ တင့်ဝေအောင်၊ ပြေဦး၊ အေးမျိုးကြည်၊ ငွေသစ်လွင်(ပရိမ္မ)နှင့် နုသဇင်တို့၏ကဗျာများ၊ တင်အောင်နီ၊ ငွေကြည်၊ မြေဇာ၊ မောင်မောင်ညွှက်၊ အောင်အောင်ထွေး၊ ကိုငယ်၊ စည်သူကျော်တို့၏ကာတွန်းများ၊ ညောင်ဦးဖိုးချို၏ ခါနွေဦး ဆုရဓာတ်ပုံ သုံးသပ်ချက်များ၊ ရှင်ဉာဏ(ဖျာပုံ)၊ ငွေးမောင်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မောင်စိုးထိုက် (သုံးဆယ်)၊ မောင်မိုးယံ၊ ပီကျော်ဟန်၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာသန့်စင်၊ ကြည်လွင်၊ လှမြင့် (ရန်ကုန်တက္ကသိုလ်)၊ ကိုကိုလှိုင်၊ ကိုရဲ၊ ဂွမ်းဖြူဇင်၊ လှဘုန်းအောင်၊ မောင်စူးစမ်း၊ ကိုခန့်(သုတေသန)၊ ကေကေ (မဟာဝိဇ္ဇာ)၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ဒေါက်တာကောင်းမြတ်၊ ရဲမာန်ခ၊ စံဇာဏီဘို၊ မောင်နှင်းလှိုင် (ထမင်းဈေး)တို့၏ သုတ/ရသ၊ ဗေဒင်၊ ဟာသနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဇွန်း၊ မင်းယုဝေ၊ ပျဉ်းမနားမြင့်လှိုင်၊ ကိုကို (မြန်မာပြည်သား)၊ပင်မြင့်စံနှင့် ပတ္တမြားမိုးတို့၏ ရသစုံဝတ္ထုတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ်(၁၈၁) (၃၂)လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)



ဗိုလ်ချုပ်လမ်း အုတ်ပန်းကလပ်ခုံ မြေယာရှုခင်း။

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲတွင် Model Pharma Co., Ltd. ပါဝင်ဆင်နွှဲပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲကို နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ နောက်ဆုံးပေါ် ဆေးဝါးများနှင့် ခေတ်မီဆုံးနည်းပညာသုံး ဆေးပစ္စည်းများကို မြန်မာနိုင်ငံတွင် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသော Model Pharma ကုမ္ပဏီလည်း ပါဝင်ပြသသွားမည်ဖြစ်သည်။

Model Pharma ကုမ္ပဏီပြခန်းတွင် ကိုရီးယားနိုင်ငံမှ ထုတ်လုပ်ပြီး ဥရောပနိုင်ငံများသို့ တင်သွင်းခွင့်ဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်လက်မှတ် CE 0123 ရရှိထားသည့် Gluco Dr သည် သွေးချိုပမာဏ အနိမ့်ဆုံး 20 mg/dl မှ အမြင့်ဆုံး 900 mg/dl ထိ တိုင်းတာစစ်ဆေးနိုင်ခြင်း (မြန်မာနိုင်ငံတွင် Gluco Dr ဆီးချိုတိုင်းစက်တစ်မျိုးတည်းသာ တိုင်းတာနိုင်သည်။) မြန်မာပြည်တွင် ပထမဆုံးသော Gold Electrode Biosensor စနစ်ကို အသုံးပြုထားခြင်းတို့ကြောင့် ရောဂါရှာဖွေရေး စက်ကြီးများနှင့် မခြားနားသော အဖြေမှန်ကို ငါးစက္ကန့်အတွင်းသိရှိနိုင်ခြင်း၊ စက်တွင် အသုံးပြုရသော သွေးပမာဏမှာ 0.5ul သာလိုအပ်ခြင်း စသော အားသာချက်များရှိသည်။ အဆိုပါ ဆီးချိုတိုင်းစက် (Gluco Dr) ကို ၎င်းပြခန်းတွင် ပြသသွားမည်ဖြစ်သည်။

ထို့အပြင် ဂျာမနီနည်းပညာကို အသုံးပြုထားသည့် BP Dr သွေးပေါင်ချိန်တိုင်းစက်သည် နောက်ဆုံးပေါ် မျိုးဆက်သစ် 3rd Generation နည်းပညာကို အသုံးပြုသည့်အတွက် လူ၏ နှလုံးနှင့် တစ်တန်းတည်း (Heart Level) ကို ရောက်ရှိပြီး Position မှန်မှသာလျှင် စတင်အလုပ်လုပ် တိုင်းတာသည့်အတွက်ကြောင့် Digital သွေးပေါင်ချိန်စက်များတွင် အတိကျဆုံးသော အဖြေမှန်တစ်ခုတည်းကိုသာ တိုင်းတာပေးသည့် သွေးပေါင်ချိန်တိုင်းစက် BP Dr ကိုလည်း လက်တွေ့တိုင်းတာ စမ်းသပ်ပေးသွားမည်။

Model Pharma ကုမ္ပဏီသည် Lorix Cream ကို ကလေးငယ်များအတွက် 15g ဆေးတောင့်နှင့် လူကြီးများအတွက် 30g ဆေးတောင့်ကို တင်သွင်းလျက်ရှိသည်။ ကလေးငယ်များ ကျန်းမာရေးကောင်းမွန်ပြီး ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးကာ ဘေးထွက်ဆိုးကျိုးကင်းစွာ အစာစားချင်စိတ်ကိုဖြစ်ပေါ်စေသော Zinc ပါဝင်သည့် Pep2 ကလေးဆေးကိုလည်း ပြသသွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုသူများအနေဖြင့် Model Pharma Co., Ltd. အမှတ် (၁၈-၂၀) နေကြာလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၆၁၅၊ ၃၉၇၆၈၁နှင့် email:info@modelpharma.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❖ လျှပ်စစ်ကားမှ

ဆောင်ရွက်နိုင်ရင် ကျွန်တော်တို့ တိုင်းပြည်မှာ လျှပ်စစ်ကားကို ပြည်သူတွေစီးလာမှာပါ။ ဈေးကွက်ဝင်လာမှာပါ”ဟု ၎င်း၏အမြင်ကို ကြေးမုံသို့ ပြောသည်။

မန္တလေးမြို့စက်မှုဇုန်(၁) နယ်မြေ UD Group မော်တော်ယာဉ်ထုတ်လုပ်ရေးသည် လိုက်ထရပ်၊ ဂျစ်ပ၊ ဇုန်ဂျစ်ကားများကို စက်မှုဇုန်(၁)တွင် အများဆုံး ထုတ်လုပ်နိုင်သော ကုမ္ပဏီတစ်ခုဖြစ်ပြီး ယခုအခါ မိသားစုသုံး၊ ရုံးသုံး MPV (Multi Purpose Vehicle) များ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(၁၀၅)

ဥတုရာသီ တောကိုမှီ၏

သယ်န်းကျွန်းမြို့နယ် အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်း ဘက်စုံ ထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က Utopia ခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်မင်းခန့်ကိုကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးသန်း ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ဖေဖော်ဝါရီ ၁၂ ရက်က လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ သူငယ်တန်းတွင် ဘက်စုံထူးချွန် ပထမရရှိသော မသက်နှင်းစုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေး ဆုချီးမြှင့်စဉ်။

(၅၄၃)

ပြည်ထောင်စုနေ့ ဂုဏ်ပြုဟောပြောပွဲ ပဲခူး၌ ကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၃

(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀နာရီက ပဲခူးမြို့ မြို့တွင်းအနောက်(ခ) အမက မူလွန်ကျောင်း (ဂျပန်ကျောင်း)၌ ကျင်းပရာ ပဲခူးမြို့နယ် ပညာရေးမှူး ဦးလှရွှေ တက်ရောက်အမှာစကားပြောကြားသည်။

ဟောပြောပွဲတွင် စာရေးဆရာ ညွှန့်ဟန်(ကြူတော)နှင့် စာရေးဆရာ၊ သတင်းစာဆရာ၊ ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ စိန်လှိုင်ဗိုလ် **(အောက်ပုံ)**တို့က တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး စသည်တို့ကို အကျယ်တဝင့်ဟောပြောသွားကြသည်။ (ကြေးမုံ)

မိမိတို့နေအိမ်တွင် မီးဘေးကာကွယ်ပါ

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေခါးများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံး မပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲ Raffles Hospital ပါဝင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

Jade Crown Organizing Group က ကြီးမှူးပြီး Shine Construction Group ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် Education, Living & Health Care Exhibition ပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ကျန်းမာရေးနှင့် ပညာရေးနယ်ပယ်မှ ပြည်တွင်း ပြည်ပ ကုမ္ပဏီများ ပါဝင်ပြသမည်ဖြစ်ရာ စင်ကာပူနိုင်ငံရှိ ကမ္ဘာ့အဆင့်မီ ဆေးရုံတစ်ရုံဖြစ်သော Raffles Hospital လည်း ပါဝင်ပြသမည်ဖြစ်သည်။ Raffles ဆေးရုံကြီးသည် စင်ကာပူနိုင်ငံ၏ အချက်အချာကျသော နေရာတွင် တည်ရှိပြီး JCI ခေါ် အပြည်ပြည်ဆိုင်ရာဆေးရုံ စံချိန်စံညွှန်း ရရှိထားသည့်အပြင် ISO လက်မှတ်ပါရရှိထားသော စင်ကာပူနိုင်ငံ၏ အထင်ကရပုဂ္ဂလိက ဆေးရုံတစ်ရုံဖြစ်သည်။ အထူးကုဌာနပေါင်း ၂၀ ကျော်ထားရှိသည့်အပြင် အထူးကုဆရာဝန်ကြီးများက စုပေါင်းတိုင်ပင် အကြံပေးကုသခြင်း၊ နွေးထွေးပျူငှာ ဖော်ရွေသော ဝန်ဆောင်မှုတို့ဖြင့် အပြည်ပြည်ဆိုင်ရာမှ လူနာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုပြပွဲတွင် Raffles Hospital မှ အသက်အရွယ်အလိုက် ကျန်းမာရေးစစ်ဆေးမှုများကို Discount သတ်မှတ်ပေးခြင်း၊ လက်ကမ်းစာစောင်နှင့် မေတ္တာလက်ဆောင်ပစ္စည်းများပေးခြင်း၊ စိတ်ဝင်စားဖွယ်ရာ ကျန်းမာရေး ပညာပေးအစီအစဉ်များ ပြသခြင်းဖြင့် ပြပွဲလာသူများအား ကျန်းမာရေးဗဟုသုတ ဖြန့်ဝေပေးမည်ဖြစ်သည်။ အဆိုပါ Raffles Hospital သို့ ဆက်သွယ်လိုပါက Raffles Hospital Patient Liaison Office Myanmar- Diamond Aces Services Co., Ltd. ဖုန်း-၀၁-၂၉၉၉၄၄ နှင့် ၀၉-၅၁၂၇၆၂၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၂ ရက်က ကျင်းပသော အထက(၁) တာမွေ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြီးမှူးကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အခြေခံဆရာ၊ ဆရာမများ ရှေ့ဦးပြုစုခြင်း နည်းပြဆရာသင်တန်း၌ စံပြပထမဆု ရရှိခဲ့သော တာမွေ အထက(၁)မှ ဆရာမ ဒေါ်ဖြူဖြူခင်အား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၇၄)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင်နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရခိုင်ပြည်နယ်တွင်ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် ပင်လောင်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထားဝယ်မြို့တွင် သုည ဒသမ ၂၈ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၄ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၇-၂-၂၀၁၁)ရက်နေ့

၂၀၁၁ ခုနှစ် မတ်လ အတွက်
(၁၃-၃-၂၀၁၁) ရက်နေ့

နှင့်

(၂၇-၃-၂၀၁၁) ရက်နေ့

ရထားခေါင်မိုးပေါ် စီးသူများ တံတားပေါင်နှင့်တိုက်မိ၍ တစ်ဦးပွဲချင်းပြီးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

ဝန်းသို ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဇီးဖြူပင်ကျေးရွာမြောက်ဘက်ရှိ မီးရထားလမ်း ချောင်းခွတံတားတွင် ဖေဖော်ဝါရီ ၆ ရက် ည ၁၀ နာရီတွင် မန္တလေးမှ မြစ်ကြီးနားဘက်သို့ ထွက်ခွာလာသော အမှတ်(၅၅) အဆန် အထူးအမြန်လူစီးရထား ခေါင်မိုးပေါ်မှ စီးနင်းလိုက်ပါလာသူ အမည်မသိ ယောကျ်ားတစ်ဦးမှာ တံတားဘောင်နှင့် တိုက်မိ၍ ပွဲချင်းပြီးသေဆုံးသွားခဲ့ပြီး ၎င်းနှင့်အတူ စီးလာသော ဝင်းမင်းစိုး(ဘ) ဦးချစ်ကို အသက်(၂၈)နှစ် တောင်သူ ဝက်လက်မြို့နယ်နေသူမှာ နဖူးနှင့် ယာဘက်မျက်လုံးတွင် ပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး ဝန်းသိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိသည်။

အဆိုပါ ရထားပေါ်မှ ပြုတ်ကျသေဆုံးသူသည် နဖူး ဝဲဘက်နှင့် ဦးခေါင်းထိပ်တွင် ဒဏ်ရာပြင်းထန်စွာရရှိပြီး သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိရသည်။ သေဆုံးသူမှာ မည်သူဖြစ်ကြောင်း စုံစမ်းစစ်ဆေးလျက်ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဝန်းသိုရဲစခန်းမှ(စခန်းမှူး) ရဲအုပ်မောင်မောင်က သေမှုသေခင်းအမှတ်(၁/၂၀၁၁) ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၂၁၄)

ကျောင်းနေအရွယ်ကလေးငယ်များအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို ဟသ်ာတမြို့ အထက(၁)၊ အလက(၁)၊ အထက(၃)နှင့် အလက(၃) အခြေခံပညာကျောင်းများ၌ ဖေဖော်ဝါရီ ၂၊ ၃၊ ၄၊ ၁၁ ရက်များတွင် အသီးသီးကျင်းပရာ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမအင်အား ၂၂၃၀ တက်ရောက်ကြပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း ဟောပြောစဉ်။ (ခရိုင်ကညန)



KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကရင်ပြည်နယ် ဘားအံမြို့နယ် တံတားဦးကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနေ ဦးမောင်လှဖြူသည် ဖေဖော်ဝါရီ ၂၂ ရက် ည ၇ နာရီခန့်တွင် ကျုံခနက်ကျေးရွာတောင်ပေါ်ဘုန်းကြီးကျောင်းဝင်းအနီး ထမင်းအိုးတည်ရန်ပြင်ဆင်နေစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ဝဲဘက် ခြေမပြတ်ဒဏ်ရာနှင့် ခန္ဓာကိုယ်အောက်ပိုင်းပွန်းပဲ့၊ စုတ်ပြဲ ဒဏ်ရာများ ရရှိခဲ့သဖြင့် ဘားအံဆေးရုံသို့ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိကာ တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်း

အနယ်လ်ကာ၏ သွင်းဂိုးများဖြင့် ချယ်လ်ဆီးနိုင်ပွဲရ စတိတ်ဒီဂါလန်း အတိတ်ဆိုးကို ရီးယဲလ်မချေဖျက်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၃

ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့၏ တတိယနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ချယ်လ်ဆီးအသင်း အနယ်လ်ကာ၏သွင်းဂိုးများဖြင့် အဝေးကွင်းနိုင်ပွဲရခဲ့ပြီး နာမည်ကြီး ရီးယဲလ်အသင်းမှာမူ စတိတ်ဒီဂါလန်း အတိတ်ဆိုးကို ချေဖျက်နိုင်ခြင်းမရှိခဲ့ပေ။

ကိုပင်ဟေဂင် ၀-၂ ချယ်လ်ဆီး

ပရီမီယာလိဂ်တွင် ရလဒ်များ ဆိုးရွားနေ၍ ဖိအားများဖြင့် ရင်ဆိုင်နေရသည့် ချယ်လ်ဆီးအသင်းသည် ယခုပွဲတွင် ရလဒ်ကောင်းနိုင်ရေးအတွက် ပီတာချက်၊ အီဗန်နိုဗစ်၊ အက်ရှ်လေကိုး၊ ဘော်စင်ဝါ၊ ဂွန်တယ်ရီ၊ အက်ဆီယံ၊ ရာမီရစ်၊ လမ်းပတ်၊ မာလူဒါ(ဇာကော့ဗ်)၊ ဖာနန်ဒိုတောရက်စ်(ကာလူး)နှင့် အနယ်လ်ကာ (ဒရော့ဘာ) တို့ဖြင့် လူစုံထုတ်သုံးသွားသည်။

ချယ်လ်ဆီးအနေဖြင့် အဝေးကွင်း ကစားရသော်လည်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကာ အိမ်ရှင် ကိုပင်ဟေဂင်အပေါ် ဖိအားပေးကစားသွားနိုင်ခဲ့သည်။ ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန် ၁၇ မိနစ်နှင့် ၅၄ မိနစ်တို့တွင် တိုက်စစ်မှူး အနယ်လ်ကာက သွင်းယူခဲ့သည်။

လိုင်ယွန် ၁-၁ ရီးယဲလ်မက်ဒရစ်

ပြင်သစ်မြေဖြစ်သည့် လိုင်ယွန်အသင်း၏ စတိတ်ဒီဂါလန်းကွင်းတွင် ကစားခဲ့သည့် လိုင်ယွန်နှင့် ရီးယဲလ်မက်ဒရစ်တို့ ပွဲမှာ တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ရီးယဲလ်မက်ဒရစ်တွင် ကာဗယ်ဟို၊ ပီပီ၊ ရာမို့စ်၊ အလွန်ဆို၊ အဒီဘာယော၊ အိုဇေးလ်၊ ဒီမာရီယာ၊ စီရော်နယ်ဒိုတို့ဖြင့် လူစုံခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှု ၅၉ ရာခိုင်နှုန်း ရရှိခဲ့သည်။ သို့သော် လိုင်ယွန်အသင်းကသာ ရီးယဲလ်မက်ဒရစ်ဂိုးပေါက်ကို ပိုမိုခြိမ်းခြောက်နိုင်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်အတွက်ဂိုးကို အဒီဘာယောအစား လူစားဝင်လာသည့် ဘန်ဇီမာက ၆၅ မိနစ်တွင် သွင်းယူခဲ့ပြီး အိမ်ရှင်လိုင်ယွန်အတွက် ချေပဂိုးကို ၈၃ မိနစ်တွင် ဂိုမစ်က သွင်းယူခဲ့သည်။

ယခုပွဲမတိုင်မီ ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟိုက စတိတ်ဒီဂါလန်းတွင် ရလဒ်မကောင်းခဲ့သည့် အတိတ်ဆိုးကို ချေဖျက်သွားရမည်ဟု ကြုံးဝါးခဲ့သော်လည်း ပြိုင်ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီ သရေဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဒုတိယအကျော့တွင်မူ ယမန်နှစ်က ရှုံးကြွေးကို ပြန်ဆပ်ပြီး ရီးယဲလ်မက်ဒရစ်အသင်း ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်မည်လား ဆိုသည်ကိုဖြင့် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာ အဖွင့်ဂိုးကို ဤကဲ့သို့ သွင်းယူခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းအတွက်ဂိုးကို ဘန်ဇီမာ သွင်းယူစဉ်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မန္တလေးစက်မှုဇုန်မှ လျှပ်စစ်ကားစမ်းသပ်ထုတ်လုပ်

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁) UD Group မော်တော်ယာဉ်ထုတ်လုပ်ရေးမှ မိသားစုစီး လျှပ်စစ်ကားတစ်စီးကို စမ်းသပ်တီထွင် ထုတ်လုပ်ထားရှိပြီးဖြစ်ကြောင်း UD Group စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း(UD ခင်မောင်ဝင်း)က ကြေးမုံသို့ ပြောသည်။

အဆိုပါလျှပ်စစ်ကား(Electric စမ်းသပ်ယာဉ်)သည် မိသားစုစီး ဗင်ကား အမျိုးအစားဖြစ်ကာ စက်မှုဇုန်နယ်မြေနှင့် မန္တလေးမြို့အတွင်း စမ်းသပ်မောင်းနှင်ပြီး အဝေးဆုံးခရီးစဉ်အဖြစ် မန္တလေး-ကျောက်ဆည် ခရီးစဉ်များအပြင် မိုင် ၆၀ ခန့်အထိ စမ်းသပ်မောင်းနှင်ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ၎င်းထက် တာဝေးမောင်းနှင်နိုင်ရန်အတွက် ဆက်လက်စမ်းသပ်မောင်းနှင်ရဦးမည် ဖြစ်ကြောင်း၊ မန္တလေး-ကျောက်ဆည် ခရီးစဉ်အတွက် လျှပ်စစ်ကား (Electric စမ်းသပ်ယာဉ်)အား မန္တလေး-နေပြည်တော်မောင်းနှင်ရန်အတွက် စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း UD Group မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယခုအခါ ကမ္ဘာ့တိုးတက်သော နိုင်ငံများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လျှပ်စစ်ကားများကို မြို့တွင်းခရီးစဉ်များ၊ ဈေးသွား၊ ကျောင်းသွားကိစ္စရပ်များတွင် အများဆုံးအသုံးပြုနေကြပြီး မန္တလေးမြို့တွင်လည်း လျှပ်စစ်ကားကို စိတ်ဝင်စားမှုများရှိနေကြသဖြင့် ပြည်သူများသို့ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးစက်မှုဇုန် ကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးက "နိုင်ငံခြားမှာလည်း လျှပ်စစ်ကားတွေထုတ်လုပ်သုံးစွဲနေပါပြီ။ ကျွန်တော်တို့နိုင်ငံမှာလည်း လျှပ်စစ်ကားထုတ်လုပ်တာနောက်မကျသေးပါဘူး။ ဒါပေမယ့် လျှပ်စစ်ကားတွေ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်နိုင်ပါက ဥပမာ-မန္တလေး-နေပြည်တော်လမ်း၊ မန္တလေး-ရန်ကုန်အဝေးပြေး လမ်းမကြီးတွေမှာ လျှပ်စစ်ကားတွေ လျှပ်စစ်ဓာတ်အားသွင်းနိုင်ဖို့ (Filling Station) တွေလိုအပ်ပါတယ်။ယခုကျွန်တော်တို့ စမ်းသပ်တီထွင်ထုတ်လုပ်နိုင်တဲ့ လျှပ်စစ်ကားမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်တာက 200 MPH ဆိုတော့ မိုင် ၆၀ လောက် သွားနိုင်ပါတယ်၊ 2000 MPH လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်တဲ့ လျှပ်စစ်ကားတွေ ထုတ်လုပ်နိုင်ပြီဆိုလျှင် မိုင် ၆၀၀ အထိမောင်းနိုင်မှာပါ။ လျှပ်စစ်ကားတွေမှာရှိတဲ့ 2000 MPH လျှပ်စစ်အိုးတွေကို အမြန်နှုန်း (Hi-Speed) နဲ့ သွင်းနိုင်အောင် **စာမျက်နှာ ၉ကော်လံ ၁ သို့** ❖

မန္တလေးစက်မှုဇုန်(၁) UD Group မှ ထုတ်လုပ်သော လျှပ်စစ်ကား (Electric စမ်းသပ်ယာဉ်)ကို တွေ့ရစဉ်။ (၁၀၅)

ကျွန်းလှမြို့အဝင် ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှကို ဤသို့ တွေ့ရစဉ်။

ဖွံ့ဖြိုးလှပ မြို့ကျွန်းလှ

(သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဖြူးမြင့်ဦး)

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့သို့ ဒုတိယအကြိမ်ရောက်ဖြစ်သည်။ ပထမအကြိမ် ရောက်ခဲ့စဉ်က ခေတ္တခဏသာ နေခွင့်ရခဲ့သဖြင့် ကျွန်းလှမြို့နယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို စုံလင်အောင် လေ့လာခွင့်မရခဲ့။ ယခုတစ်ခေါက် အချိန်လုံလောက်သောကြောင့် ကျွန်းလှမြို့နယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို စုံလင်စွာ အသေးစိတ်သိရှိနိုင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ်တာဝန်ရှိသူများအပြင် မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အသေးစိတ် မေးမြန်းမှတ်သားခဲ့ရသည်။

ကျွန်းလှမြို့နယ်၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုများကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က ရှင်းလင်းပြောကြားရာတွင် မြို့၏အနောက်ဘက်တွင် သဖန်းဆိပ်ရေလှောင်တမံကြီး ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်သည့် မြို့နယ်ဖြစ်ကြောင်း ပြောပြသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက-

"မြို့နယ်ရဲ့ စပါးအထွက်တင်းမှာ ၁၄၈၅၁၄၄ တင်းဖြစ်ပြီး မြို့နယ်၏ ဆန်စားသုံးဖူလုံမှု ရာခိုင်နှုန်းကတော့ ၁၁၅ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဆီထွက်သီးနှံ မြေပဲ၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းအထွက်နှုန်းမှာ ၁၃၉၂၉၈၁ တင်းထွက်ရှိပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆